ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ သောကြာနေ့ (4-4-2014) (၇၇၀၅)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်များ

အောင်လံ	၄၂	ဒီဂရီစင်တီဂရိတ်
မကွေး	၄၁	ဒီဂရီစင်တီဂရိတ်
ပေါက်	၄၁	ဒီဂရီစင်တီဂရိတ်
ပြည်	၄၁	ဒီဂရီစင်တီဂရိတ်

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ထိုင်းနိုင်ငံအခြေစိုက် စီးတီးဘဏ်၏ ဒေသတာဝန်ခံအရာရှိ Mr. Darren N. Buckley ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဒေါက်တာလင်းအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး (Securities and Exchange)၊ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၏ အချိန်ဇယားနှင့်အညီ အရင်းအနှီးဈေးကွက်(Capital Market) ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသတာဝန်ခံအရာရှိက ရှင်းလင်းတင်ပြခဲ့ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးသင်္ကြန်တွင်မြို့မအသင်းမှ ဆန်းသစ်သော အလှပြယာဉ်နှင့်သီချင်းသစ်များဖြင့် ဖျော်ဖြေမည်

မန္တလေး ဧပြီ ၃

ယခုနှစ်သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ရှိ မြို့မအပျော်တမ်းတူရိယာအသင်းမှ ထူးခြားဆန်းသစ်သော အလှပြယာဉ်နှင့်အတူ သီချင်းသစ်များထည့်သွင်းကာ ဧည့်သည်အဆိုတော်အသစ်များဖြင့် ထူးထူးခြားခြား လှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အလှပြယာဉ်အား ယခင်နှစ်များနှင့်မတူ ချဲ့ထွင်ထားပြီး ယာဉ်တစ်စီးလုံးအား LED မီးဆိုင်းများဖြင့် လှပဝေဆာစွာ တပ်ဆင်ထားပြီး ဧည့်သည်အဆိုတော် ဒေါ်မာမာအေးက လာရောက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း မြို့မအပျော်တမ်းတေးဂီတအသင်း ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောကြားသည်။

"အလှပြယာဉ်ရဲ့ အကျယ်ကို တိုးချဲ့ပြင်ဆင်ထားပါတယ်။ မီးအလှဆင်မှုကိုတော့ ယခင်နှစ်တွေလို မီးလုံး၊ မီးချောင်းတွေ မသုံးတော့ဘဲ Dream Light က စပွန်ဆာပေးထားတဲ့ LED မီးဆိုင်းတွေနဲ့ အလှဆင်မှာပါ။ ဒီနှစ်သင်္ကြန်အတွက် သီချင်းအသစ် ၁၀ ပုဒ် ရေးစပ်ထားပြီး လှည့်လည်ဖျော်ဖြေမှုကတော့ ဖိုးသောကြာ၊ ဦးသန်းမြတ်စိုးတို့အပြင် အဆိုတော် ဒေါ်မာမာအေးလည်း လာရောက်ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

သင်္ကြန်ပွဲတော်တွင် ပါဝင်ဖျော်ဖြေမှုများအနေဖြင့် ဧပြီ ၁၂ ရက်တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် နာယကပူဇော်ပွဲကို အသင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့နံနက်ပိုင်းတွင် မဟာမြတ်မုနိဘုရားကြီးအား အလှပြယာဉ်နှင့်အတူ ဖူးမြော်ဦးတိုက်ကြည်ညို၍ ညနေပိုင်းမြို့တော်ဝန်မဏ္ဍပ်ဖွင့်ပွဲတွင်အလှပြယာဉ်များအား ရှေ့ဆုံးမှ ဦးဆောင်၍ ဖွင့်ပွဲကို ပါဝင်တက်ရောက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထို့နောက် သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ညနေ ၅ နာရီမှစ၍ ဖိတ်ကြားထားသောမြို့တွင်းရှိ အိမ်များသို့ လှည့်လည်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

၁၃၇၄ ခုနှစ် မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင် မြို့ခံပရိသတ်အား ဧည့်ခံဖျော်ဖြေနေသည့် မြို့မတူရိယာအသင်းအလှပြယာဉ်ကို တွေ့ရစဉ်။

အင်အား အနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဧပြီ ၃

ယနေ့မွန်းလွဲ ၂ နာရီ ၄၀ မိနစ် ၂၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စစ်ကိုင်းမြို့၏ အနောက်တောင်ဘက် ၁ ဒသမ ၅ မိုင်)ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြေးမုံ စာ တ ည်း ရှု ထော င့် ၄-၄-၂၀၁၄၊ သောကြာနေ့

သဘာဝဘေးနှင့် ဖွံ့ဖြိုးရေး

"သဘာဝဘေးအန္တရာယ်လျော့ပါးရေးကို ဖွံ့ဖြိုးတိုးတက်မှုအသွင်ပြောင်းလဲရေးအစီအစဉ် ချမှတ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်" ခေါင်းစဉ်နှင့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ဖြစ်စဉ်ဖြစ်ရပ်တိုင်းတွင် အဆိုးအကောင်း၊ အပျက်၊ အပြစ် ဒွန်တွဲနေတတ်သည်။ လောကသဘာဝအားလုံးအဆိုးဟူ၍လည်း မရှိသလို "ခြောက်ပြစ်ကင်းသဲလဲစင်"အားလုံးကောင်းပါသည် ခင်ဗျားဟူ၍လည်း ပြောဖို့ခက်သည်။ သို့သော် တချို့ဖြစ်ရပ်တို့သည် အချိန်တိုအတွင်း ထိန်းမနိုင် သိမ်းမရ ဆိုးကျိုးသက်ရောက်သွားတတ်သော်လည်း လူသားများအတွက် သင်ခန်းစာတစ်ရပ်ဖြစ်စေကာ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်၊ နဂိုမူလထက် ပိုမိုကြံ့ခိုင်မှုကို ဖြစ်သွားကြနိုင်ပါသည်။ နမူနာအားဖြင့် နာဂစ်အလွန် ဧရာဝတီ၏ ဖွံ့ဖြိုးမှုက သက်သေပြနေသည်။

နာဂစ်မတိုင်ခင်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် နာဂစ်အပြီးမှာ ကမ္ဘာကသိ၊ မြန်မာအသိနှင့် မြို့မေတ္တာခံယူမည့်သားပမာ အားလုံးက ဝိုင်းဝန်းပံ့ပိုးမှုကြောင့် ပို၍ဖွံ့ဖြိုးလာခဲ့သည်။ ယခင်က ခနော်ခနဲ့ စာသင်ကျောင်းများ၊ ဆေးခန်းများအပြင် နာဂစ်သိမ်းကျုံးယူသွားသော ထိုထိုသော အဆောက်အအုံများအားလုံး ကွန်ကရစ်အုတ်စီ ခိုင်ခံ့သစ်လွင်သော အဆောက်အအုံများဖြစ်သွားသည်။ နာဂစ်မွှေသွား၍ ဧရာဝတီထွားထွား ညက်ညက်ကြေသွားသည်။ နာဂစ်ကြောင့် ဧရာဝတီအသစ် တစ်ဖန်ပြန်လည်မွေးဖွား ဖွံ့ဖြိုးမှုတစ်မျိုးတိုးသွားသည်။ သဘာဝဘေးအန္တရာယ်မှ ဖွံ့ဖြိုးတိုးတက်မှုအသွင်သို့ ပြောင်းလဲလာခဲ့မှု မှတ်တမ်းတစ်ခုဖြစ်သည်။

"ဧရာဝတီသည် တစ်ခါခဲမှန်ခဲ့ဖူးသော စာသူငယ်လို သဘာဝဘေးအန္တရာယ်ကို အကြိမ်ကြိမ်ခံခဲ့ရဖူးပြီ။ ထို့ကြောင့် ကြိုတင်ကာကွယ်မှုများကို နိုင်ငံတော်အား၊ ပြည်သူအားအပြင် နိုင်ငံတကာမှ နည်းပညာငွေကြေးကအစ ရယူလျက်လစ်ဟာမှုမရှိအောင် စီမံဆောင်ရွက်လာကြရသည်။ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်လာကြသည်။ ရေငန်တားတာတမံများဆယ်ဖို့လာကြသည်။ လေဒဏ်၊ ရေဒဏ်မှ ကာကွယ်ပေးနိုင်သည့် သဘာဝဒီရေတောများ ဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက်လုပ်လာကြသည်။ အရေးပေါ်သဘာဝဘေးဒဏ် ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ထားခြင်းကြောင့် ဆေးဝါးကအစ မျိုးစပါး၊ ကောက်ပဲသီးနှံအထိ သိုလှောင်သိမ်းဆည်းနိုင်ရန် အသင့်ဖြစ်နေကြသည်။ ဤသည်ပင် သဘာဝဘေးအန္တရာယ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှု အသွင်ဆောင်လာသည့် အကောင်းဘက်သို့ အရွေ့တစ်ခုဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုတစ်ခုမှာ "အရေးကြီးသွေးနီး"ကြခြင်းဖြစ်သည်။ သာမန်အချိန်မှာ ပုံမှန်သဘောနှင့် မေးထူးခေါ်ပြောရှိနေကြရာမှ ဒုက္ခနှင့် ကြုံတွေ့လာချိန် မိသားစုအမြင်၊ အမျိုးသားရေးခံစားချက်ဖြင့် အားလုံးကဝိုင်းဝန်း၍ အားတက်သရောနှင့် အားကြိုးမာန်တက် ဝိုင်းဝန်းလာကြသည်။ သွေးကစကားပြောခြင်း။ မည်သည့်ဖွံ့ဖြိုးတိုးတက်မှုနှင့်မှ ခိုင်းနှိုင်း၍မရနိုင်သော အမျိုးသားရေးသွေးစည်းမှုကို နာဂစ်က ဖန်တီးပေးခဲ့သည်။ သဘာဝဘေးအန္တရာယ်မှ ဖြစ်တည်လာခဲ့သော ဖွံ့ဖြိုးတိုးတက်မှုသမိုင်းမှတ်တမ်းတစ်ခု။

"သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တစ်သားတည်း ပေါင်းစပ်ဆောင်ရွက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း"ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စီမံချက်ကဏ္ဍ (၇)ချက်အနက် ကဏ္ဍ(၅)တွင် ဖော်ပြထားချက်အား နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်း (အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ)က မိန့်ကြားခဲ့သည်။ မိမိတို့နိုင်ငံသည် ၂၀၁၃ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကျပ်သန်းပေါင်း ၉၇၅၅ ဒသမ ၇၉ သန်းရှိခဲ့ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်သည် လူသားကမ္ဘာ၏ ဖြစ်တည်မှုကို စိန်ခေါ်မှုတစ်ရပ်အဖြစ်ခံယူပြီး ရှောင်လွှဲမရသော ဤဖြစ်စဉ်ဖြစ်ရပ်များအား ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေး အစဉ်တွေး အသင့်ပြင်ဆင် ရင်ဆိုင်သွားရင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ကြရမည်သာ။ ဤသည်မှာ လူသားတိုင်း၏ မွေးရာပါတာဝန်ကြီးတစ်ရပ်ပင် မဟုတ်ပါလော။ ။

၁၃၇၅ ခုနှစ် ဓမ္မာစရိယ စာဖြေသံဃာတော်များကို ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၃

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မေ ၂ ရက် မွန်းလွဲ ၂ နာရီက သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိသာသနဟိတကာရီ ဗိမာန်တော်ကြီး၌ ဖြေဆိုလျက်ရှိသော ဓမ္မာစရိယ စာမေးပွဲ စာဖြေဌာနသို့ သွားရောက်ကြည့်ရှုခဲ့သည်။

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ၂၀၁၄ ခုနှစ် မတ် ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံးရှိ ဓမ္မာစရိယ စာဖြေဌာန ၅၀တွင် ယမန်နေ့က ဖြေဆိုသော စာဖြေရဟန်း၊ သာမဏေ၊ သီလရှင် စာရင်းသွင်း ၁၃၆၀၄ ပါးအနက် ၈၅၇၁ ပါး ဖြေဆိုသဖြင့် ၆၃ ရာခိုင်နှုန်းဖြေဆိုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ဖြူးမြို့ရှိ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး သာသနာပိုင်မြေ၌ အဆောက်အအုံ ဆောက်လုပ်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၂ လူမှုဖူလုံရေးဥပဒေအား အလုပ်ဌာနအရောက် ဟောပြောဆွေးနွေး

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို မေ ၁ ရက်မှစတင်၍ အကောင်အထည်ဖော် ကျင့်သုံးနေပြီဖြစ်ရာ ဥပဒေပါ ပေးရန်တာဝန်နှင့် ရရန် အကျိုးခံစားခွင့်များကို ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော် သတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာ၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း/နိုင်ငံခြား)၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် နေပြည်တော်ပုံနှိပ်စက်ရုံရှိ ဝန်ထမ်းများ လူမှုဖူလုံရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် ဟောပြောဆွေးနွေးပွဲကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် သတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပရာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံး တာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်မင်းက အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ခံ ဆရာဝန် ဒေါက်တာခင်မြင့်အေးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး အလုပ်ဌာနရှိ ဝန်ထမ်းများအား ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၃

ရန်ကုန်	ရွှေဈေး	၆၆၁၂၀၀	-	၆၆၂၂၀၀
မန္တလေး	ရွှေဈေး	၆၆၀၈၀၀	-	၆၆၁၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၅. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၅. ၁၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၆၇၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၃. ၈၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၇၆
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၂၇. ၀၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၉၄၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၉. ၄၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၃. ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြင်ဆင်ဖတ်ရှုပါရန်

မတ်လ ၃၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂)တွင် ဖော်ပြထားသော ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် သတင်းကော်လံ(၂)တွင် ၂၀၀၀ ခုနှစ်အစား ၂၀၁၁ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ရေး အခြေခံအကျဆုံးမှာ ပညာရေးကဏ္ဍဖြစ်

နေပြည်တော် မေ ၃

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် မတ် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပသော National ICT Award 2013 အတွက် Educational Project Competition ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အမျိုးသားအဆင့်ပြိုင်ပွဲဆုရ ပရောဂျက်များ ခင်းကျင်းပြသပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးအတွက် ပညာရေးအဆင့်အတန်းမြင့်မားရေးကို နိုင်ငံတော်မှ ကြိုးစားမြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယနေ့ခေတ်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ICT ကဏ္ဍ တိုးတက်မှုသည် အရေးကြီးကြောင်း၊ ICT ကဏ္ဍ တိုးတက်မှုသည် နိုင်ငံတော်စီးပွားရေးတိုးတက်မှုအတွက် လူတစ်ဦးချင်းစီ၏ လူနေမှုဘဝမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူဖြစ်ပါကြောင်း၊ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် အခြေခံအကျဆုံးမှာ ပညာရေးကဏ္ဍ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍအကြား လုပ်ငန်းများအား ပေါင်းကူးချိတ်ဆက်ပေးမည့် National Hub တစ်ခုအနေဖြင့် ယခုထက်ပိုမို တက်ကြွစွာလှုပ်ရှားနိုင်ရန် ကျောင်းသား ကျောင်းသူ မောင်မယ်များအနေဖြင့်လည်း ICT ပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲ၌ဆုရသူများအား ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ICT Project များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၃

မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မေ ၁ ရက် မွန်းလွဲ ၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီးမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအောက်ရှိ Cabinet Committee ငါးခုနှင့် ဆပ်ကော်မတီ ၂၈ ခုမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နေမှုနှင့် မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီအနေဖြင့် အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၌ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ မြေယာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် မြေပြင်၌ တွေ့ကြုံနေရသော အတားအဆီးအခက်အခဲများအား ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခြင်း၊ ပြန်လည်စွန့်လွှတ်သည့် မြေများအား သက်ဆိုင်ရာ မူလလက်ငုတ်တောင်သူများထံသို့ ဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆောလျင်စွာ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် EU တို့၏ ဒုတိယအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် EUတို့၏ ဒုတိယအကြိမ် ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် လှည်းတန်းလမ်းထောင့် Hleden Centre (၆) လွှာရှိ EU ၏ Delegation ရုံးတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် EU မှ သံအမတ်ကြီး Roland Kobia နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းတို့က နိုင်ငံတော်အစိုးရ၏ သဘောတူညီချက်ဖြင့် ရဲလုပ်ငန်းပိုင်း၊ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဖြစ်သည့် လူစုလူဝေးစနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်း၊ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် သင်တန်းအခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ EU မှ သံအမတ်ကြီး Roland Kobia၊ Mr. Peter Mazdra၊ Mr. Manuel de Rivera Lamo de Espinosa၊ Ms. Joanna Jablonska၊ Mr. Friedrich Schwindt၊ Mr. Patrick Gistelinck၊ Mr.David Hamilton၊ Ms. Karin Deckenbach နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်း အေးချမ်းစွာကောက်ယူလျက်ရှိ

ဗန်းမော် မေ ၃

ဗန်းမော်ခရိုင်အတွင်း မတ် ၃၀ ရက်မှစ၍ ယနေ့ထိ ငါးရက်မြောက် အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်းကို စာရင်းကောက် ၂၀၆ ဦး၊ စာရင်းစစ် ၉၂ ဦးတို့က ကောက်ကွက်ပေါင်း ၁၉၈ ကွက်အား မြို့နယ်/ရပ်ကွက်/ကျေးရွာသန်းခေါင်စာရင်းကော်မတီဝင်များဖြင့် တစ်အိမ်တက်ဆင်း အေးချမ်းစွာကောက်ယူလျက်ရှိသည်။

အချို့ကန့်သတ်နယ်မြေများဖြစ်သည့် ကျေးရွာအုပ်စု ၄၂ စုမှာ စာရင်းကောက်ယူရန် အခက်အခဲအနည်းငယ်ရှိရာ ကောက်ယူရရှိနိုင်သည့် ဧရိယာများသို့ ဒေသခံစာရင်းကောက်၊ စာရင်းစစ်အဖွဲ့များက ပထမရက်ခြောက်အိမ်၊ ဒုတိယရက် ခုနစ်အိမ်၊ တတိယရက် ရှစ်အိမ်နှုန်းဖြင့် လက်ရှိ ၃၀ ရာခိုင်နှုန်း ကောက်ယူပြီးစီးကြောင်းနှင့် ဗန်းမော်မြို့ မြို့ပေါ်ရပ်ကွက်အသီးသီး၌ ကောက်ယူလျက်ရှိကြောင်း သိရသည်။

(ဗန်းမော် ပြန်/ဆက်)

ဂျာမနီနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၌ အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။

ဂျာမန်ဝန်ကြီးချုပ်က အနည်းဆုံးလုပ်ခ တစ်နာရီ ၁၁ဒသမ၇၅ဒေါ်လာအတည်ပြု

ဘွန်း ဧပြီ ၃

ဝန်ကြီးချုပ် အန်ဂျလာမာကဲလ်သည် ဂျာမနီနိုင်ငံ၏ အနည်းဆုံး လုပ်ခအဖြစ် တစ်နာရီလျှင် ၈ဒသမ၅၀ယူရို (၁၁ဒသမ၇၅ဒေါ်လာ) ပေးရန် ပထမဆုံးအတည်ပြုလိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ အနည်းဆုံးလုပ်ခကို ၂၀၁၅ခုနှစ်တွင် စတင်ကျင့်သုံးရမည်ဖြစ်သည်။

အဖွဲ့ဝင် ၂၈နိုင်ငံရှိသည့် ဥရောပသမဂ္ဂ(အီးယူ)တွင် အနည်းဆုံးလုပ်ခသတ်မှတ်ထားခြင်းမရှိသော နိုင်ငံခုနစ်နိုင်ငံရှိရာ ဂျာမနီသည်လည်း အပါအဝင်ဖြစ်သည်။

ဂျာမနီတွင် ယခင်က လုပ်ခလစာသတ်မှတ်ရာ၌ အလုပ်သမားသမဂ္ဂများနှင့် စီးပွားရေးအုပ်စုများပေါ်တွင် မူတည်သည်။

မစ္စမာကဲလ်၏ ကွန်ဆာဗေးတစ်ခရစ်ယာန်ဒီမိုကရက် ပါတီသည် ဆိုရှယ်ဒီမိုကရက်(အက်စ်ပီဒီ)နှင့် အာဏာခွဲဝေ ရေး သဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ယင်းပြောင်းလဲမှုကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အက်စ်ပီဒီက ယင်းသို့ အနည်းဆုံး လုပ်ခသတ်မှတ်ခြင်းကို လိုလားပြီး ကွန်ဆာဗေးတစ် စီဒီယူနှင့် စီအက်စ်ယူတို့က ရှိရင်းစွဲ အနေအထား အတိုင်းထားရှိရန် ဆန္ဒရှိကြသည်။

ယခုနှစ်နွေရာသီတွင် လွှတ်တော်၌ အဆိုပါ လုပ်ခသတ်မှတ်ခြင်းကို အချေအတင် ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ ၎င်းနောက် စက်တင်ဘာတွင် အထက်လွှတ်တော်သို့ အတည်ပြုရန်အတွက် တင်သွင်းရမည်ဖြစ်သည်။

ဥရောပ၏ အကြီးမားဆုံးစီးပွားရေးလုပ်ငန်းကြီး၌ လုပ်ခလစာ ပိုမိုပေးခြင်းသည် ပြည်သူများ ပိုမိုသုံးစွဲနိုင်စေပြီး နိုင်ငံ၏ စီးပွားရေး ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားသည်။

မည်သည့်လုပ်ငန်းဟူ၍ ချွင်းချက်မရှိ အနောက် သို့မဟုတ် အရှေ့၌ဖြစ်စေ အလုပ်သမားတစ်ဦးသည် တရားမျှတသော လုပ်ခ ၈ဒသမ၅၀ယူရိုဖြင့် ၎င်း၏ဂုဏ်သိက္ခာများကို ပြန်လည်ရရှိခဲ့ပြီဖြစ်ကြောင်း အက်စ်ပီဒီ၏ အလုပ်သမားဈေးကွက်မူဝါဒပြောရေးဆိုခွင့်ရှိသူ ကက်ဂျာမတ်က ပြောကြားသည်။

သို့သော် အရေးမပါသော အလုပ်သမားများ၊ အလုပ်သစ်များ၊ သင်တန်းသားများနှင့် ယာယီအလုပ်သမားတို့သည် ယင်းလုပ်ခ၌ ပါဝင်ခြင်းမရှိဟု ဆိုသည်။ **ဘီဘီစီ**

အီတလီတွင် ကိုကင်း ၂၁၅ကီလိုဂရမ် သိမ်းဆည်းရမိ

ရောမ ဧပြီ ၃

အီတလီနိုင်ငံတွင် ဧပြီ ၂ရက်က မူးယစ်ဆေးဝါးနှိမ်နင်းရေး စစ်ဆင်မှုတစ်ရပ်ပြုလုပ်ရာ ကိုကင်း ၂၁၅ကီလိုဂရမ်ကို သိမ်းဆည်းရမိပြီး ယင်းနှင့် ဆက်စပ်နေသူ ၂၃ဦးကို ဖမ်းဆီးရမိသည်။

တောင်အမေရိကဒေသနှင့် အီတလီနိုင်ငံအကြား မူးယစ်ဆေးဝါးသယ်ဆောင်မှုတွင် အဓိကကျသော ကာလာ ဘရီယာဒေသ ဂီအိုရာတော်ရိုဆိပ်ကမ်းတွင် သန့်စင်ထားသော ကိုကင်း ၂၁၅ကီလိုဂရမ်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိသည်။ ကုန်သင်္ဘောတစ်စင်းပေါ်တွင် အီကွေဒေါမှ ငှက်ပျောသီးများ တင်ဆောင်လာသော ကုန်သေတ္တာတစ်လုံးအတွင်း သို့ဝှက်ကာ သယ်ယူလာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမူးယစ်ဆေးဝါးစစ်ဆင်ရေးကို အီတလီရဲတပ်ဖွဲ့နှင့် အကောက်ခွန်အရာရှိများ ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ပြီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးမှာ ယူရို ၄၃သန်း(အမေရိကန်ဒေါ်လာ၅၉သန်း)တန်ဖိုးရှိသည်။ ဆင်ဟွာ။

သမ္မတဟောင်းမူရှာရက်ဖ် လိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားဗုံးခွဲတိုက်

အစ္စလမ္မာဘတ် ဧပြီ ၃

ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ် လိုက်ပါလာသော မော်တော်ယာဉ်တန်းကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၃ရက်တွင် သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သောနေရာတွင် ရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်စဉ်။

မြို့တော် အစ္စလမ္မာဘတ်၌ ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ်လိုက်ပါလာသော မော်တော်ယာဉ်တန်းသည် တံတားတစ်စင်းကို ဖြတ်သန်းခဲ့ပြီးနောက် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် မော်တော်ယာဉ်တန်းမှာ လွတ်မြောက်သွားကြောင်း၊ မူရှာရက်ဖ်သည် စစ်ဘက်ဆိုင်ရာ ဆေးရုံတစ်ရုံ၌ နှလုံးရောဂါအတွက် ဆေးဝါးကုသမှု ခံယူပြီးနောက် အစ္စလမ္မာဘတ်ဆင်ခြေဖုံးရှိ ကျေးလက်နေအိမ်သို့ ပြန်လာချိန်တွင် ၎င်းအား ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မူရှာရက်ဖ်သည် ဇန်နဝါရီလမှစ၍ နှလုံးရောဂါအတွက် ဆေးဝါးကုသမှု ခံယူနေရသည်။

တံတားတစ်စင်းအနီး လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့ပေ။ **ပီတီအိုင်။**

အမေရိကန်စစ်စခန်းတွင် ပစ်ခတ်မှုဖြစ်ပွား သုံးဦးသေဆုံး၊ ၁၆ဦးဒဏ်ရာရရှိ

ဝါရှင်တန် ဧပြီ ၃

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်ရှိ အမေရိကန်ကြည်းတပ်၏ 'ဖွေဟု' စစ်စခန်းတွင် စစ်သားတစ်ဦးပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး၍ ၁၆ဦး ဒဏ်ရာရရှိကြောင်း၊ အဆိုပါစစ်သားသည်သူ့ကိုယ်သူပစ်၍ အဆုံးစီရင်သွားကြောင်း စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။ ၎င်းသည် မည်သူဖြစ်ကြောင်း တရားဝင် အတည်ပြု ပြောကြားခြင်း မပြုသော်လည်း အသက် ၃၄ နှစ်ရှိအီဗန်လိုပက်(ဇ်)ဆိုသူဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

သေနတ်သမားသည် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး စိတ်ကျန်းမာရေးပြဿနာရှိသည်ဟု တာဝန်ရှိသူက ပြောကြားသည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ယင်းဖြစ်ရပ်အတွက် ရင်ထဲ၌ ကြေကွဲစွာခံစားရပါသည်ဟု ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းတွင် ရထားချင်းတိုက်မိ နှစ်ဦးသေဆုံး ၁၅ ဦးဒဏ်ရာရရှိ

နယူးဒေလီ ဧပြီ ၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ခရီးသည်တင် ရထားနှစ်စီးတိုက်မိကြရာ နှစ်ဦးသေဆုံး၍ ၁၅ဦးဒဏ်ရာရရှိကြောင်း မီးရထားဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဧပြီ ၃ ရက် နံနက်စောစောပိုင်းက ကာတနီအမည်ရှိ ခရီးသည်တင်ရထားနှင့် ဗာရာဏသီမှ ရှတ်တီနဂါးမြို့သို့ ပြေးဆွဲနေသော အမြန်ရထားတစ်စီးတို့ ဆွန်ဟာဒရာခရိုင် အိုဘရာမီးရထားဘူတာရုံအနီးတွင် တိုက်မိကြခြင်းဖြစ်ကြောင်း၊ လူနှစ်ဦး ပွဲချင်းပြီးသေဆုံးကြောင်း၊ ဒဏ်ရာရရှိ သွားသူများအား နီးစပ်ရာဆေးရုံသို့ တင်ပို့ပေးလိုက်ကြောင်း ၎င်းက ပြောကြားသည်။ ရထားချင်းတိုက်မိမှုကြောင့် ရထားတွဲများ ပျက်စီးသွားပုံကို ဒေသဆိုင်ရာရုပ်မြင်သံကြားဌာနမှ ထုတ်လွှင့်ပြသသည်။ **ဆင်ဟွာ။**

ချီလီမြောက်ပိုင်း၌ နောက်ဆက်တွဲမြေငလျင်များလှုပ်၊ ဂျပန်ဆိပ်ကမ်းတစ်ခု၌ ဆူနာမီရေလှိုင်းရိုက်ခတ်

ဆန်တီယေဂို ဧပြီ ၃

ချီလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ၌ အင်အားပြင်း မြေငလျင်လှုပ်ခဲ့ပြီးနောက် ဧပြီ ၃ရက်တွင် အင်အား ၇ဒသမ၄ နှင့် ၆ဒသမ၄ရှိ နောက်ဆက်တွဲ မြေငလျင်များ ထပ်မံလှုပ်ခဲ့ကြောင်း၊ ချီလီမြေငလျင်ကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းဒေသရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုတွင် ဆူနာမီရေလှိုင်း ရိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ချီလီနိုင်ငံမြောက်ပိုင်း၌ ဧပြီ ၂ရက်က အင်အား ၈ဒသမ၂ ရှိ မြေငလျင်လှုပ်ခဲ့ရာ ငါးဦးသေဆုံးပြီး သုံးဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ မြေငလျင်ဒဏ်ကြောင့် ချီလီပင်လယ်ဆိပ်ကမ်းများရှိ မော်တော်ဘုတ်များ နစ်မြုပ်ခဲ့ရသည့်အပြင် နေအိမ်အဆောက်အအုံများနှင့် လမ်းများပျက်စီးခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

မြေငလျင် ဗဟိုချက်မှ အိုင်ကွေးပင်လယ်ဆိပ်ကမ်းမြို့၏ အနောက်ဘက် ၂၃ ကီလိုမီတာအကွာ ပင်လယ်ရေအောက် ကီလိုမီတာ ၂၀ အနက်တွင် ဖြစ်ကြောင်း ချီလီမြေငလျင်တိုင်းတာရေးစခန်းက ပြောကြားသည်။

ချီလီနိုင်ငံမြောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ဆူနာမီရေလှိုင်း ရိုက်ခတ်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းအရပ်များ၌ နေထိုင်သူ ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပီရူးနိုင်ငံတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသများ၌လည်း ဆူနာမီရေလှိုင်း ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ **ရိုက်တာ။**

မြေငလျင်လှုပ်မှုကြောင့် ချီလီပင်လယ်ဆိပ်ကမ်းတစ်ခုတွင် မော်တော်ဘုတ်များ နစ်မြုပ်နေသည်ကို တွေ့ရစဉ်။

အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မေ ၃

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၏ ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ဆက်လက်ကျင်းပခဲ့သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံမက်ခရိုစီးပွားရေးသုတေသနအဖွဲ့၊ နိုင်ငံတကာ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ စီးပွားရေးပညာရှင်များ၊ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖူရူဆာဝါတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ကြပြီး ကမ္ဘာနှင့် အာရှ၏ မက်ခရိုစီးပွားရေး အလားအလာ၊ အာဆီယံနိုင်ငံများ၏ မက်ခရိုစီးပွားရေးအခြေအနေ ဆန်းစစ်ချက်၊ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ မက်ခရိုစီးပွားရေးအခြေအနေ ဆန်းစစ်ချက်နှင့် စီးပွားရေးဆိုင်ရာ သုတေသနပြုချက် စာတမ်းများဖတ်ကြား၍ တက်ရောက်လာကြသူများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက အစည်းအဝေး ကျင်းပခြင်းဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတို့၏ မက်ခရိုစီးပွားရေးအခြေအနေ၊ ကမ္ဘာလုံးဆိုင်ရာ မက်ခရိုစီးပွားရေးအခြေအနေတို့ကို သိရှိရပြီး ယင်းသိရှိမှုများကိုအခြေခံ၍ ရှေ့အလားအလာများကို ခန့်မှန်းနိုင်ပါကြောင်း၊ ထိုသို့ကြိုတင်ခန့်မှန်းနိုင်ခြင်းဖြင့် မသေချာ၊ မရေရာမှုများနေသော ယနေ့ကမ္ဘာတွင် ပေါ်ပေါက်လာတတ်သည့် ပြင်ပမှစီးပွားရေးဆိုင်ရာ ရိုက်ခတ်မှုများကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း။

ထိုသို့ ကြိုတင်ကာကွယ်နိုင်ခြင်းဖြင့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံတို့၏ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး စနစ်များကို တောင့်တင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးကို တိုးတက်စေရန်ဟူသည့် အာဆီယံအဖွဲ့ကြီး၏ရည်မှန်းချက်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ တာတီရှိ ဟိုင်ဂူဂျီအား ခန့်အပ်ရန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ တာတီရှိ ဟိုင်ဂူဂျီသည် ၁၉၅၃ခုနှစ် မေ ၁၁ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ခုနှစ်တွင် တိုကျိုတက္ကသိုလ် ဥပဒေပညာဌာနမှ ဘွဲ့ရရှိခဲ့သည်။ ၁၉၇၈ခုနှစ် ဧပြီလတွင် အမျိုးသားရဲအေဂျင်စီသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှစတင်၍ နာဂါနိုပြည်နယ် ရဲတပ်ဖွဲ့ဌာနချုပ် ဒုတိယစုံစမ်းစစ်ဆေးရေးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမျိုးသားရဲအေဂျင်စီရှိဌာနများ၌ အဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် တိုကျိုမြို့တော်ရဲဌာန၏ ကြီးကြပ်ရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူပြီးနောက် နီတိုဘော့စီကီကုမ္ပဏီနှင့် နီပွန်သံမဏိနှင့် ဆူမီမိုတို သံကုမ္ပဏီများ၌ အကြံပေးအဖြစ် ၂၀၁၃ ခုနှစ် ဧပြီလနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ခုနှစ် ဇူလလိုင်မှ စတင်၍ နီရှိမူရနှင့် အဆာဟိဥပဒေအကျိုးဆောင်လုပ်ငန်း၌ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာ ပေးအပ်ပြီးဖြစ်

နေပြည်တော် မေ ၄

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် အယ်မူတာဆီမူ ဘီလာဟီ မူဟစ်ဘူဒင် တွမ်ကူအယ်လ်ဟာ့ဂ်ျ အဗ္ဗဒူလ် ဟာလင်မူအက်ဇမ်ရှား အစ်ဘ်နီအယ်လ်မာဟူမ် စူလ်တန်ဘက်လစ်ရှားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သင်္ဃန်းကျွန်းမြို့နယ် ရပ်ကွက်အချို့၌ လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်မည်

ရန်ကုန် မေ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၌ ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေးအတွက် ၃၃ ကေဗွီ သင်္ဃန်းကျွန်းမြောက်ခွဲရုံရှိ ၃၃/၆ဒသမ ၆ ကေဗွီ၊ ၁၀ အမ်ဗွီအေထရန်စဖော်မာကြံ့ခိုင်ရေး ဆောင်ရွက်ရန် မေ ၅ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်နေစဉ် ကြီးပွားရေး၊ စံပြ၊ လေးထောင့်ကန်နှင့် ဘဝမြင့်ရပ်ကွက်၊ မြယမုံ၊ အောင်ရတနာ၊ မေခ၊ မလိခ၊ ရွှေကိန္နရီနှင့် ကန်တော်မွန်အိမ်ရာများတွင် ဓာတ်အားခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မွှေးမွှေး(သင်္ဃန်းကျွန်း)

လှိုင်သာယာတွင် ကျူးကျော်တဲများ ဖျက်သိမ်း

ရန်ကုန် မေ ၃

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အလယ်ကျေးရွာအုပ်စု၊ မြေတိုင်း(၂၂)ထရန်စဖော်မာလမ်းဘေးရှိ စည်ပင်ပိုင်လမ်းမြေပေါ်တွင် မေ ၁ ရက် နံနက် ၁၁ နာရီခွဲတွင် ကျူးကျော်တဲများ ဆောက်လုပ်နေသည်ဟု သတင်းရရှိသဖြင့် အလယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ အပိုင်နယ်ထိန်းနှင့်အဖွဲ့၊ စည်ပင်နှင့် စည်ပင်ရဲတပ်ဖွဲ့တို့မှ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အင်အား ၂၀ ခန့်က ကျူးကျော်တဲ ၁၁ လုံး ဆောက်လုပ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက ကျူးကျော်တဲများအား ပြန်လည်ဖျက်သိမ်းရှင်းလင်းရန်ပြောကြားခဲ့ကြောင်း၊ ကျူးကျော်တဲရှစ်လုံးမှာ မွန်းလွဲ ၂ နာရီတွင် ပြန်လည် ဖျက်သိမ်းသွားကြောင်း၊ ပိုင်ရှင်မရှိသော ကျူးကျော်တဲ သုံးလုံးအား ဆက်လက်စောင့်ကြည့်၍ ပြန်လည် ဖျက်သိမ်းခိုင်းသွားမည် ဖြစ်ကြောင်း ကျူးကျော်တဲဖျက်သိမ်းရာတွင်ပါဝင်သော အလယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **(ဆန်းကျော်ဦး)**

သွေးသည် အသက်

မဟာအတာသင်္ကြန်

ရွှေဘိုသီရိမာလာ

မြန်မာတို့သည် ရိုးရာဓလေ့ယဉ်ကျေးမှုကို နှစ်သက်ကြသည်။ မြန်မာတို့၏ ရိုးရာသည် ၁၂ လပတ်လုံး ရှိနေသည့်အထဲတွင် သင်္ကြန်ပွဲတော်သည် လူကြီးလူငယ်မရွေးပျော်ရွှင်မြူးထူးသောလရာသီဖြစ်သည်။ အတာသင်္ကြန်သည် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးချိန်ကိုခေါ်သောအမည်ဖြစ်သည်။ သင်္ကြန်မှာ သင်္ကန္တ၊ သင်္ကြန္တဟူသော ပါဠိသက္ကတ စကားလုံးမှဖြစ်လာသော စကားဖြစ်သည်။ ကူးပြောင်းဟုဆိုလိုသည်။ အတာမှာ အတီတဟူသောပါဠိမှ တီဟူသော စကားလုံးပျောက်၍ အတာဖြစ်လာသည်ဟု ယူဆရသည်။ အတီတသည် အတိတ်၊ လွန်ခဲ့ပြီးသော ကာလဟုဆိုလိုသည်။ သင်္ကြန်အတာ-အတာသင်္ကြန်ဟူသောစကားသည် နှစ်တစ်နှစ်၏ နောက်ဆုံးရက်သုံးရက်ကို ခေါ်သောအမည်ဖြစ်သည်။ တန်ခူးလသည် မိဿရာသီဖြစ်၍ ပွင့်သောပန်းမှာ ကံ့ကော်၊ ပိတောက်၊ ရင်ခတ်များဖြစ်သည်။ သရဖီလည်းပွင့်သည်။ နက္ခတ်မှာ စိတြကြယ်နက္ခတ်နှင့် လမင်းသည် ယုဂန်တောင်၏ ထိပ်ဆီတွင် အတူယှဉ်ပြိုင်ကာ ထွန်းလင်းတောက်ပလျက်ရှိပါတော့သည်။ သင်္ကြန်ဟူသော အမည်နှင့်အတူ ပိတောက်ပန်းသည် တွဲနေသည့်၊ခွဲမရသည့် ရာသီပြက္ခဒိန်အမှတ်အသား ဖြစ်ချေသည်။ သင်္ကြန်တွင် ပိတောက်ပန်းများကိုင်၍ ကကြသည်။ ပျော်ကြ ပါးကြ၊ ရေကစားကြသည်။ အပျော်လွန်၊ အကျီစားလွန်က ရန်ဖြစ်တတ်သည်လည်းရှိတတ်သည်။ အချို့က အိုးမဲသုတ်၍လည်းကောင်း၊မျက်နှာချေဖြင့်လည်းကောင်း ရပ်ရွာများတွင် အကျီစားသန်ကြသည်။

ရေပက်ကစားကြသော သင်္ကြန်ပွဲတော်သည် ပုဂံခေတ်ကပင် အစဉ်အလာဖြင့် ကျင်းပသော ပွဲတော်တစ်ခုပင်ဖြစ်သည်။ ပုဂံပြည် နရသီဟပတေ့မင်းသည် သင်္ကြန်ရက်တွင် ဧရာဝတီမြစ်၌ မိဖုရား၊ မောင်းမများနှင့်အတူ ပျော်ရွှင်စွာ ရေကစားရာတွင် မိဖုရားစောလုံကို မွန်းနေအောင်ရေလောင်းရန် မောင်းမငယ်တစ်ဦးကို စေခိုင်းရာ ခိုင်းတိုင်းလောင်းသဖြင့် မိဖုရားစောလုံက သူ့ကို အရှက်ခွဲသည်ဟုယူဆ၍ အငြိုးထားပြီး ပွဲတော်အုပ်ဆက်ရာတွင် အဆိပ်ခတ်လိုက်သည်။ပွဲတော်တည်မည်ရှိသော အခါ နန်းတော်အောက်ကခွေး ချေဆတ်သဖြင့် မစားဘဲ ခွေးကိုကျွေးစေသည်။ ထိုအခါ ခွေးသေ၍ နရသီဟပတေ့မင်းလည်း သူ့ကိုသေကြောင်းကြံသည်ဟု အမျက်ထွက်ပြီး မိဖုရားစောလုံကို ဖိုကျင်ထိုး၍ သတ်စေသည်။ နောင်တွင် မိဖုရားကို တမ်းတ၍ နောင်တရလေသည်။ ဤပုဂံရာဇဝင်အဖြစ်အပျက်သည် ပုဂံခေတ်ကပင် ရေကစားကြကြောင်း မှတ်တမ်းသဖွယ်ရှိနေသည်ကို အကျီစားသန်ကရန်ဖြစ်တတ်သည်ဟူသော သင်ခန်းစာက သတိပြုဖွယ်ပင်ဖြစ်သည်။

သင်္ကြန်တွင် လူကြီးလူငယ်မရွေး ဓမ္မဂီတဖြင့်လင်းအားကြီးအရဏ်တော်အဖွဲ့ဝင်များက စုပေါင်း၍ စေတီပုထိုးနှင့် ရုပ်ပွားတော်များကို ရေသပ္ပာယ်ကြသည်။ အချို့စေတီကို ထုံးဖြူဖြူသုတ်ကြသည်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ သန့်ရှင်းရေးလုပ်ကြသည်။ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ရေဖြည့်အိုးဖြင့် ကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။

လူမျိုးတိုင်းတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်ပွဲတော်များ ရှိသကဲ့သို့ မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့်ဆေးကြောသန့်စင်ကာ နှစ်သစ်ကို လူသစ်စိတ်သစ်ဖြင့် ပျော်ရွှင်ကြပေသည်။ ခြောက်သယောင်မြေသည် မြေသင်းရနံ့များ သင်းပျံ့လာသည်။ ယင်းသို့မြေသင်းရနံ့ သင်းပျံ့ပျံ့ကို ရှင်အဂ္ဂသမာဓိ ဆရာတော်က ဘုံခန်းပျို့တွင် ဖွဲ့ဆိုထားသည်မှာ "ခါလည်လုလု၊ ရတုသစ်သစ်၊ သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း၊ ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍၊ ရွက်ကျောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမာလာငုံကင်း၊ သုတ်လေညင်းနှင့် မြေသင်းရနံ့၊ တပျံ့ပျူးပျူး၊ မင်းလွှင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည် ပဒ္ဒုန်ရိုက်မြည်း ချုန်းချုန်းတည်း"ဟူ၍ မြေသင်းနံ့ကို တင်စား၍ဖွဲ့ဆိုခဲ့လေသည်။ တန်ခူးလသည် မြန်မာမှုအရ မိဿရာသီခေါ်၍ ထိုလကို စန်းပြည့်နက္ခတ်မှာစိတြနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်၍ ရာသီရုပ်မှာဆိတ်ရုပ်ဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ရင်ခတ်ပန်း၊ သရဖီပန်းစသည်တို့ဖြစ်၍ ရာသီပွဲမှာအတာနှစ်ကူး သင်္ကြန်ရေသဘင်ပွဲတော်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူတိုင်းမှာပင် နှစ်သစ်ကူးပွဲတော်များ ခမ်းခမ်းနားနားကျင်းပသော ဓလေ့ထုံးစံများရှိသည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုအမြတ်တနိုးကျင်းပပြုလုပ်ကြသည်။ နှစ်သစ်ကိုကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်သစ်ကူးအခါသဘင်ကို "သင်္ကြန်"ဟုခေါ်သည်။ သင်္ကြန်ဟူသော ဝေါဟာရ"သင်္ကြာန္တာ" ဟူသည့်သက္ကတစကားမှဆင်းသက်လာသည်ဟု ဝေါဟာရလီနတ္ထဒီပနီနှင့်ဝေါဟာရတ္ထ ပကာသနီတို့တွင်ဖော်ပြထားပေသည်။ ပညာရှင်အချို့ကမူ "ပါဠိစကား" "သင်္ကန္တ"မှဆင်းသက်လာသည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေကာမူ အဓိပ္ပာယ်မှာ "ကူးပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း" ဟူ၍ချည်းဖြစ်ကြသည်။

သင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှအညစ်အကြေးများကို သီတာရေဖြင့်ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့်၊ ဘဝခရီးသစ်ဖြင့်၊ ရည်ရွယ်ချက်ဆန္ဒဖြင့် တစ်ဦးနှင့်တစ်ဦး ရေလောင်းပက်၍ ရေကစားကြသည်။ ရေသဘင်ပွဲတော်တွင် များသောအားဖြင့် သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့နှင့်နှစ်ဆန်းတစ်ရက်နေ့ဟူ၍ရှိလေသည်။ သင်္ကြန်အကြိုနေ့တွင် ရေပက်ခံမဏ္ဍပ်များနှင့်ရေသဘင်အကမဏ္ဍပ်များစတင်ဖွင့်လှစ်ကြသည်။

သင်္ကြန်ပွဲတော်တွင် အချို့သက်ကြီးရွယ်အိုများကို ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုယူကြသည်။

လူမျိုးတိုင်းတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်ပွဲတော်များ ရှိသကဲ့သို့ မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်ကို လူသစ်စိတ်သစ်ဖြင့် ပျော်ရွှင်ကြပေသည်။

နှစ်ဟောင်းမှအညစ်အကြေးများကို ကင်းစင်လိုသည့်စိတ်ထား အရင်းခံရှိကြသည်။ ကျွဲ၊ နွား၊ ငါးများကို ဘေးမဲ့လွှတ်ပေးခြင်းဖြင့်လည်း ဇီဝိတဒါနပြုကြသည်။ သင်္ကြန်အချိန်ခါတွင် ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ စေတီပုထိုးများတွင် ထုံးသင်္ကန်းများ ကပ်လှူခြင်း၊ ဘုရား၊ကျောင်း၊ကန်၊ဇရပ်၌ သန့်ရှင်းရေးလုပ်အားပေးခြင်း၊ရေတွင်းရေကန်တူးဖော်ခြင်းကိုတွေ့ရသည်။ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းများကို လူငယ်အများစုက စုပေါင်းလုပ်ဆောင်ကြသည်။ သက်ကြီး ရွယ်အိုများက ဥပုသ်သီတင်းဆောက်တည်ရန်ဘုရား၊ ကျောင်း၊ ကန်များသို့ သွားရောက်ကြသည်။

ထို့ကြောင့် ဆရာဇော်ဂျီက သူမြင်တွေ့ခဲ့ရသော တစ်ခုသောရေသဘင်အကြောင်းကို "တစ်ခုသော သင်္ကြန်အခါ" ကဗျာဖြင့်ရေးစပ်၍ သီကုံးခဲ့ပုံမှာ-

"နှစ်သစ်ကူးတဲ့တန်ခူးခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော၊ အရွယ်သင့် အရွယ်ငယ်၊ မြန်မာတွေထည်လိုက်ကြ။ ။ ဘယ်မြေဟာ စေတီပေါမလဲ၊ ဘယ်ပြေဟာအပျော်ကျောမယ်တဲ့၊ စိတ်ဇောမြန်မာမှာဖြင့် သံသရာကရုဏာထားသူမို့ ပါးလိုက်ကြပျော်ပျော်သာ၊ အခါကနှစ်ဆန်း" စသည်ဖြင့်သီဆိုခဲ့လေသည်။

သင်္ကြန်ဟူသော ဝေါဟာရမြန်မာစကားသက်သက်ဖြစ်သည်ဟုယူဆကြသည်။ ထိုပညာရှင်များက "ခေါင်းဆေး သင်္ကြန်၊ ကောင်းညွှန့်လျှံ မကျန်စုံစွာ" ဟူသော ကလဝိလက္ခဏာသတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာကြန်အင် လက္ခဏာတို့တိုးပွားလာရန် သုတ်သင်ဆေးကြောခြင်း(ဝါ) ခေါင်းဆေးမင်္ဂလာပြုပြင်ခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ရေးသားကြသည်။ ပတိဋ္ဌာကနိပါယ်၊ ဒသပြဟ္မဇာတ်၌ ဘုရင်မင်းများ ခေါင်းဆေးမင်္ဂလာပြုကြောင်း(ဝါ)သင်္ကြန်တော်ခေါ်ကြောင်း ဖော်ပြထားသဖြင့် ရှေးမင်းဧကရာဇ်တို့သင်္ကြန်တော်ခေါ်ထုံးအစဉ်အလာရှိကြောင်း တင်ပြအပ်ပါသည်။ ပုဂံခေတ်များ၌ အခြားလများတွင် သင်္ကြန်ကျသော နှစ်များရှိဖူးသည်ဟု ဆိုပါသည်။ ယခုအများသိသော တန်ခူးသင်္ကြန်ကိုမူ "အာဒိတျနှစ်" ဟူ၍ခေါ်ဆိုကြောင်း၊ ဇနပပတ္တိကကျမ်း" တွင် ပါရှိပေသည်။ ဇောတိသတ္တပဗေဒကျမ်းတွင် တစ်နှစ်၌ တစ်ဆယ့်နှစ်သင်္ကြန်ရှိသည်ဟုဖော်ပြသည်နှင့်အညီရှေးမြန်မာဘုရင်မင်းမြတ်များသည် တစ်လကူးပြောင်းတိုင်း ခေါင်းဆေးမင်္ဂလာပြုကာ သင်္ကြန်တော်ခေါ်လေ့ရှိသည်။ ကျွန်မ၏ ဘွားဘွားသည် သင်္ကြန်တွင် ရေကန်တော့ရန် မြေရေအိုးများ ဝယ်သလို တရော်ကင်ပွန်းခေါင်းလျှော်ရေကို တစ်ရပ်ကွက်လုံး ဝေငှလေ့ရှိသည်မှာ ခေါင်းဆေးသင်္ကြန်ကြောင့် ဖြစ်ဟန်တူသည်။ သင်္ကြန်ကိုအစွဲပြု၍ "သင်္ကြန်စာ" ဟူ၍လည်း ရှိသေးသည်။

မြန်မာဘုရင်များလက်ထက်ကမူ နှစ်သစ်သို့ကူးပြောင်းရမည့် သင်္ကြန်ကျချိန်တွင် ရဟန်းပညာရှင်၊လူပညာရှိများက တွက်ချက်ပြီး ဘုရင်မင်းမြတ်ထံ ဆက်သကြသည်။ ထိုသင်္ကြန်တွက်ကိန်းကို ရွှေမြို့တော်ပတ်ဝန်းကျင်လောက်ကသာသိနိုင်ခွင့်ရှိသည်။ သင်္ကြန်အခါတွင် တိုင်းပြည်၏ အရေးအခင်းများ၊ နေကြတ်မည်၊ လကြတ်မည်၊ ငလျင်လှုပ်မည်၊ တော်လည်းမည်၊ စစ်ဖြစ်မည်မို့မည်မျှကောင်းမည်မကောင်းမည် စသည်ဖြင့် ပါရှိပါသည်။ တိုင်းပြည်အတွက် တစ် နှစ်တာဟောစာတမ်းကို ဘုရင်က သာသနာပိုင်ဆရာတော်အားပြရသည်။ သာသနာပိုင်ဆရာတော်ကလည်း ပညာရှိများ တွက်ချက်ယူဆပုံနှင့်ကိုက်၊ မကိုက်ကို တစ်ဖန်စိစစ်၍ သင့်မြတ်လျှင် ယင်းဟောစာတမ်းကို ဘုရင်အား ထုတ်ဝေရန် အကြံပေးရသည်။ တောင်သူလယ်သမားများသည် မိုးလေဝသမှအစ သင်္ကြန်စာကို အားထားရသည်။ ထိုခေတ်က သတင်းစာလည်းမပေါ်သေးပေ။

သို့သော် နှစ်သစ်မကူးမီ သင်္ကြန်စာထုတ်ဝေခြင်းသည်ယနေ့ထက်တိုင်ရှိနေသည်။သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသောဓလေ့သည် ရှေးပဝေသဏီကပင် ရှိခဲ့သည်။ ကောလိယပြည်နှင့် မြတ်စွာဘုရားဖွားမြင်တော်မူရာ ကပိလဝတ်ပြည်ကြားတွင် ဒေဝဒဟပြည် မပေါ်သေးမီက ဒေဝဒဟအမည်ဖြင့် နတ်ရေကန်ကြီးရှိသည်။ ထိုနတ်ရေကန်သို့ ဖော်ပြပါ နှစ်ပြည်ထောင်မှမင်းသား၊မင်းသမီးတို့သည် လာရောက်ရေပက်ကစားရင်း တစ်ဦးကိုတစ်ဦး ရင်းနှီးခင်မင်သွားကြလေသည်။ ရှေးထုံးစဉ်လာ တာသင်္ကြန်ဆင်နွှဲပုံမှာ သန့်စင်အေးသော ရေဖြင့် အချင်းချင်းပက်ဖျန်းပျော်ရွှင်ကြသည်။ မိန်းမပျိုလေးများကို အမွှေးနံ့သာရည်ဖြင့် ပက်လိုလျှင် မိဘထံခွင့်ပန်ပြီး ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်ဖြင့်ပက်ကြသည်။ ချစ်စရာ့မြန်မာတို့ ဓလေ့ပင်တည်း။

ထို့ကြောင့် နှစ်သစ်မင်္ဂလာတွင် အမျက်ဒေါသတို့ကို ဖယ်ရှား၍ ချစ်ခင်သွေးစည်း ရင်းနှီးမှုရရှိစေရန်၊ ကိုယ်စိတ် နှလုံး ရွှင်လန်းစေရန် ရေပက်ကစားကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများ ရေဖြင့် ဆေးကြောခြင်းထက် မကောင်းမှုများကို ဆေးကြောခြင်းသည်သာ ပို၍သင့်မြတ်သော စကားဖြစ်သည်။ ချစ်ခင်စေရန် ရေပက်ကစားသော်လည်း မျက်နှာတွင် မိတ်ကပ်အဆီပြန်များ အလွန်အကျွံလိမ်းကျံခြင်း၊ အိုးမဲသုတ်လိမ်းခြင်း ဖြစ်လာလျှင် အမုန်းဘက်သို့ ရောက်သွားပြီး အကျီစားသန်ကရန်ဖြစ်တတ်သည်။ ပမာဆိုသော် ပုဂံရာဇဝင်တွင် နရသီဟပတေ့ဘုရင်နှင့် မိဖုရားစောလုံတို့၏ ဇာတ်လမ်းထင်ရှားစွာ သတိပေးထားလေသည်။

ယနေ့ခေတ်တွင်မူ ယဉ်ကျေးသော၊ သိမ်မွေ့သော၊ ဦးတည်ချက်မှန်ကန်သော အတာသင်္ကြန်ပွဲတော်အဖြစ်သို့ စံတင်နိုင်ရန် ထိန်းမတ်နေပြီဖြစ်သဖြင့် ပိတောက်နှင့်အတူ ပျော်ရွှင်ကြည်နူးစွာ ကြိုဆိုလိုက်ပါစို့ဟူ၍ ဆန္ဒပြုလိုက်ရပါသတည်း။ ။

Win & San Diamonds and Fine jewelry
ဦးဝင်းနိုင် + သုစန္ဒာဆိုင်း ဒေါ်စမ်းစမ်း

"နှစ်သစ်မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ် " Win & San Diamonds and Fine Jewelry မှအရောင်းမြှင့်တင်ခြင်းအခမ်းအနားတွင် အထူးအစီအစဉ်အဖြစ် ဖြူသန့်စိန်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် စိန်အကြွေမျိုးစုံ၊ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ပါ တစ်ပွင့်စိန်ဆိုဒ်မျိုးစုံနှင့်အတူ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာ အစုံဖြင့်ပြုလုပ်ထားသောဒီဇိုင်းဆန်းသစ်အထည်မျိုးစုံတို့ကို မိတ်ဟောင်း၊ မိတ်သစ်များအတွက် တမူထူးခြားသော အထူးလျှော့ဈေး (Discount 12% to 30 %) ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

မိတ်စာမရောက်ရှိသော မိတ်ဟောင်းမိတ်သစ်များလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

Promotion Date : 4.4.2014, 5.4.2014, 6.4.2014

Show Room (1) ◆ အမှတ် (၃၆-C)၊ ဗောင်မင်းခေါင်ဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ က မာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 502977, 504679 , 525257, 09-500-6685, 09-506-2773

ပြည်တွင်းရေးရာ

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရမည်းသင်းအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများအား သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၃

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်း၏ လေးရက်မြောက်နေ့ဖြစ်သော မေ ၂ ရက် မွန်းလွဲပိုင်းတွင် ဗဟို သန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိအကျဉ်းဦးစီးဌာန ရမည်းသင်းအကျဉ်းထောင်သို့ ရောက်ရှိပြီး အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေသူများအား အကျဉ်းထောင်ဝန်ထမ်း စာရင်းကောက်များက သန်းခေါင်စာရင်းမေးခွန်း (၁၁) ချက်စီ မေးမြန်းကောက်ယူနေမှု အခြေအနေကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး သန်းခေါင်စာရင်းမေးခွန်းများ အနေဖြင့် အိမ်ထောင်စုတစ်စုလျှင် မေးခွန်း (၄၁) ချက် မေးမြန်းကောက်ယူ၍ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဟိုတယ်၊ မိုတယ်၊ ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်းကဲ့သို့သော အဖွဲ့အစည်းဆိုင်ရာများအား မေးခွန်း (၁၁) ချက်ကို စာရင်းစစ်၊ စာရင်းကောက်များက မေးမြန်းကောက်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးညှင်းခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆွေးနွေးညှိနှိုင်းလျက်ရှိ

မိုးညှင်း မေ ၃

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်မှစတင်၍ ကချင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ ကေအိုင်အေထိန်းချုပ်ထားသောကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိသေးကြောင်းမေ ၁ ရက်က သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

ယခုအခါ အဆိုပါကျေးရွာများ၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် သက်ဆိုင်ရာ တိုင်းရင်းသားများ၊ ဘာသာရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကိုဆောင်ရွက်သွားရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

မေ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြောက်ပိုင်းရပ်ကွက်ရှိ ကောက်ကွက်အမှတ် (၄)တွင် သန်းခေါင်စာရင်းကောက်ယူရေး ဥက္ကဋ္ဌ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုများ၊ စာရင်းစစ် ဒေါ်မိုးမိုးသိန်း၊ စာရင်းကောက် ဒေါ်အေးအေးမူတို့က ရပ်ကွက်အတွင်း သန်းခေါင်စာရင်းကောက်ယူကြစဉ်။

ဇင်ငြိမ်းအိ(မင်္ဂလာဒုံ)

မြန်မာနိုင်ငံ၏သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း စနစ်တကျရှိဟု UNFPA ကဆို

မိုးညှင်း မေ ၃

"နိုင်ငံတကာနှင့်ယှဉ်လျှင် သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းသူများကလည်း တိကျစွာမေးမြန်းနိုင်ကြောင်း၊ ဖြေဆိုသူများကလည်း မေးခွန်းကို သဘောပေါက်နားလည်စွာဖြင့် ဖြေကြားနိုင်ကြောင်း၊ စာရင်းကောက်ယူရာ၌ မြန်မာနိုင်ငံသည် စနစ်တကျရှိကြောင်း အာဏာပိုင်နှင့်လွှတ်တော်ကိုယ်စားလှယ်များပါမကျန် အပြည့်အဝကူညီပေးနေသည်ကို တွေ့ရှိရကြောင်း"ဟုမေ ၁ ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာ၌ သန်းခေါင်စာရင်း ကောက်ယူနေမှုကိုလေ့လာကြည့်ရှုပြီး UNFPA မှ International Observer Ms. Lantona Sado က မှတ်ချက်ပြုပြောကြားလိုက်သည်။

အဆိုပါ UNFPA မှအဖွဲ့သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ပြည်သူ့လွှတ်တော်(နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဝင်)ဦးကျော်စိုးလေး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးအမ်ဇော်နော်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင် ယာယီရဲမှူးဦးဟန်ဝင်းမောင်တို့နှင့်အတူ ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။

ယခုသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သော အမျိုးသားရေးတာဝန်ဖြစ်သည့်အပြင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်နိုင်ရန် ကုလသမဂ္ဂလူဦးရေနှင့်ရန်ပုံငွေအဖွဲ့နှင့်အတူ အခြားအလှူရှင်နိုင်ငံများကလည်း နည်းပညာနှင့်ငွေကြေးအကူအညီများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ထိုင်း ဝက်ဘ်စတာတက္ကသိုလ် ပညာသင်ဆုနှင့်ထောက်ပံ့ကြေးများလျှောက်ထားနိုင်

ရန်ကုန် မေ ၃

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာ၏တန်ဖိုးကို သိရှိကာ ပညာရေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုပြုလုပ်လာကြသလို မြန်မာလူငယ်ထုကလည်း ပြည်တွင်းသာမက နိုင်ငံတကာ တက္ကသိုလ်များနှင့်ပါ ချိတ်ဆက်ကာ လေ့လာသင်ယူလာကြသည်။

ယခင်က နိုင်ငံတကာအဆင့် ပညာရပ်များကို လေ့လာရန်ပြည်ပတွင် သွားရောက်သင်ယူခဲ့ကြရာမှ ယခုအခါ နိုင်ငံ၏ပွင့်လင်းလာသည့် အခြေအနေတို့ကြောင့် နိုင်ငံတကာမှ တက္ကသိုလ်များသည် မြန်မာနိုင်ငံရှိ ကျောင်းသားများအား ပညာသင်ဆုများပေးကာဆွဲဆောင်ဖိတ်ခေါ်လျက်ရှိသည်။

အမေရိကန်ကျောင်းခွဲတစ်ခုဖြစ်သော ထိုင်းနိုင်ငံရှိ ဝက်ဘ်စတာ တက္ကသိုလ်တွင် ၂၀၁၄ ခုနှစ် မေလနှင့်ဩဂုတ်လ ပညာသင်နှစ်အတွက် ပညာသင်ဆု အမေရိကန်ဒေါ်လာ နှစ်သောင်းလေးထောင် ခံစားခွင့်နှင့် ပညာသင် ထောက်ပံ့ကြေးများပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်း MSI မှသိရသည်။

ထိုခံစားခွင့်ကို အမေရိကန်ပညာရေးဖြင့် ဘွဲ့ဒီဂရီရယူလိုသော ကျောင်းသား ကျောင်းသူများသည် ပြည့်စုံသော ပညာရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ၊ လူမှုရေးအကျိုးပြုလုပ်ရှားမှုအသင်း အဖွဲ့အစည်းများမှ အသိအမှတ်ပြုလက်မှတ်များ၊ ထောက်ခံစာများရှိပါက တင်ပြရန်လိုကြောင်းနှင့် လျှောက်ထားလိုသူများသည် ဖုန်း ၀၉-၅၁၀၃၉၁၅ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မော်မော်)**

မေ ၁ ရက်က မော်လိုက်မြို့ပေါ်ရှိ သန်းခေါင်စာရင်းကောက်ယူရေးကောက်ကွက်များ၌ စာရင်းစစ်၊စာရင်းကောက်များက သန်းခေါင်စာရင်းများကောက်ယူကြစဉ်။ **(ခရိုင်ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အားခများရှင်းလင်း

ရန်ကုန် မေ ၃

လျှပ်စစ်ဓာတ်အားခတိုးမြှင့်ကောက်ခံခြင်းနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့်အဖွဲ့သည် မတ် ၃၁ ရက် နံနက် ၁၀ နာရီက ဇေကမ္ဘာကုမ္ပဏီရုံးခန်းမ၌ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ဓာတ်အားခတိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် မတ် ၃၀ ရက်မှစတင်၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက် ခြောက်ခုနှင့်ကျေးရွာ ၂၆၁ ရွာတို့တွင် ကောက်ကွက်ပေါင်း (၄၆၅) ကွက်၊ အဖွဲ့အစည်း ၁၁ ခုတို့၌ စာရင်းကောက် ၄၆၅ ဦး၊ စာရင်းစစ် ၁၂၃ ဦး၊ အရန် ၂၉ဦးတို့ဖြင့်တစ်အိမ်တက်ဆင်း ကောက်ယူစဉ်။

သူဇာလှိုင်(စက်မှု)

နှစ်နိုင်ငံစစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ရုရှားဘက်မှ ဥက္ကဋ္ဌ Mr. Alexander FOMIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲတွင် ရုရှား-မြန်မာ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးဆက်လက်တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံစစ်ဘက်နည်းပညာများပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ သဲဖြူကျွန်းမှ

ယခုနောက်ပိုင်းတွင် ခေတ်မီမော်တော်ဘုတ်များဖြင့် တစ်ဦးလျှင် ကျပ် ၆၀၀၀ နှုန်း ကောက်ခံပြေးဆွဲပို့ဆောင်ပေးခြင်းများလည်းရှိသည်။

“မော်တော်ဘုတ်တစ်စင်းမှာ ရေပြင်အသက်ကယ်ကျွမ်းကျင်သူ နှစ်ဦးက မောင်းနှင်လိုက်ပို့ပေးတာပါ။ ဘာမှလည်း စိုးရိမ်စရာမရှိဘူး။ မိသားစုသုံးယောက်လောက်နဲ့ တစ်စင်းသွားလည်း မောင်းပေးတယ်”ဟု Banana Boat လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုသို့စိတ်ချယုံကြည်မှုရှိခြင်းကြောင့်လည်း သဲဖြူကျွန်းသို့သွားရောက်လည်ပတ်သူများပြားပြီး မော်တော်ဘုတ်မထွက်မီ Life Jacket များကို မဖြစ်မနေ ဝတ်ဆင်ထားကြရသည်။

ထိုသဲဖြူကျွန်းပေါ်တွင် ကြည်ညိုသပ္ပာယ်စရာကောင်းသော ရေလယ်စေတီတော်တစ်ဆူ၊ ပုဗ္ဗသီရိကျောင်းတော်တို့ကို မြင်တွေ့နိုင်ပြီး အေးမြလတ်ဆတ်သော ပင်လယ်လေများ၊ ကြည်လင်သောရေများက ဝန်းရံလျက်ရှိသလို ထူးခြားသောသဲကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ ကုန်းမြေများတွင်ရှိသော သဲလိုမဟုတ်ဘဲ ကျောက်စိုင်၊ ကျောက်သားများမှပွဲကြွေသော အပိုင်းစငယ်များ၊ ခရု၊ ကမာအစရှိသော ရေသတ္တဝါတို့၏ အခွံအပိုင်းအစငယ်များဖြင့် လှပစွာရှိနေသလို မပျက်စီးသေးသည့် သဘာဝအရင်းအမြစ်အလှအပများက လာရောက်လည်ပတ်သူများကို ဆွဲဆောင်နေသည်။

“ပွဲကြွေထားတဲ့ကျောက်သားအပိုင်းအစလေးတွေက ခြေထောက်မစူးပါဘူး၊ မွမွလေးနဲ့လမ်းလျှောက်လို့တော်တော်ကောင်းပါတယ်။ ချောင်းသာရောက်တိုင်း ဒီကျွန်းပေါ်ကို အလည်လာဖြစ်တယ်”ဟု လာရောက်အပန်းဖြေသူတစ်ဦးကပြောပြခဲ့သည်။ လာရောက်အပန်းဖြေရင်း ရေဆော့ကစားသူများရှိပြီး အချို့မှာ ကျွန်းပေါ်ရှိလှပသောသဲများ၊ ခရုခွံများ၊ သန္တာကျောက်ခက်များကို ယူဆောင်တတ်သည့်အတွက် ရေရှည်တွင်ကျွန်း၏သဘာဝအရင်းအမြစ်များကို ထိခိုက်လာနိုင်ခြင်းကြောင့် ရေရှည်တည်တံ့ရန်အတွက် အစီအစဉ်များချမှတ်ကာ ခရီးသွားပြည်သူများကို မေတ္တာရပ်ခံထားသည်။

ထိုသဲဖြူကျွန်း၏သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်သောအားဖြင့် ကျွန်းပေါ်ရှိ သဲ၊ကျောက်၊ ခရုခွံနှင့် သန္တာကျောက်ခက်များကို ကောက်ယူသယ်ဆောင်ခြင်းမပြုလုပ်ကြရန်ဟူသည့် မေတ္တာရပ်ခံချက်ကို အပန်းဖြေလာရောက်သူများသိရှိရန် အပြာရောင်ဗီနိုင်းဖြင့် သဲဖြူကျွန်းပေါ်၌ ကမ်းခြေသာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြေညာထားခြင်းဖြစ်သည်။

လွန်ခဲ့သော ၂၀၀၈ ခုနှစ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပင်လယ်ဒီရေလှိုင်းများတက်ရာတွင် သဲဖြူကျွန်းကို ထိခိုက်မှုမဖြစ်ဘဲ မည်သည့်ပျက်စီးဆုံးရှုံးမှုမှ မဖြစ်ခဲ့သည်ကိုလည်း ထူးခြားစွာတွေ့ရှိခဲ့ရကြောင်း အဆိုပါကော်မတီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ကျောက်စိုင်ကျောက်သားများဝန်းရံထားခြင်းကြောင့် ပင်လယ်လှိုင်းများဒဏ်မှ သက်သာကာ ကြည်လင်အေးမြသောရေတွင် အပန်းဖြေရင်း လတ်ဆတ်သော ပင်လယ်လေကို ရှူ၍ မပျက်စီးသေးဘဲလှပသော သဘာဝပတ်ဝန်းကျင်အလှအပများကို ခံစားကာ ရေရှည်တည်တံ့စေရန်မှာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ခရီးသွားဧည့်သည်တိုင်းက လိုက်နာလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတက္ကသိုလ်စုဝေးခန်းမဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၂ ရက် နံနက်က ပဲခူးတက္ကသိုလ် စုဝေးခန်းမ(Assembly Hall)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တာဝန်ရှိသူများနှင့်အတူ စုဝေးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးက တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ဆောက်လုပ်မှုမှတ်တမ်းများကို ပါမောက္ခချုပ်ထံပေးအပ်သည်။

ယင်းစုဝေးခန်းမမှာ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အလျား ၁၉၄ ပေ၊ အနံ ၁၆၄ ပေ၊ အမြင့် ၆၄ ပေ ၉ လက်မရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေ့ပြောင်းခေါ်ဆောင်လာသော သမီးကလေးကျေးရွာမှ မိသားစုများအား နေရာသစ်တွင် စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများ ရှိနိုင်သည့်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က နေရပ်သို့ပြန်လည်ပို့ဆောင်ရန် ညှိနှိုင်းခဲ့

ဘားအံ မေ ၃

တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး (DKBA) ကလိုထူးဘောတပ်ဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သမီးကလေးကျေးရွာမှ မိသားစုများအား ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် နေရာချထားပေးရန် ခေါ်ဆောင်လာခဲ့ကြောင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့က အဆိုပါရွှေ့ပြောင်းနေရာချထားမည့်နေရာမှာ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများရှိနိုင်သည့်အတွက် ခေါ်ဆောင်လာသည့်နေရပ်သို့သာ ပြန်လည်ပို့ဆောင်ရန် မေ ၂ ရက်က သွားရောက် ညှိနှိုင်းခဲ့ကြောင်း၊ ခေါ်ဆောင်လာသောအဖွဲ့များက ၎င်းတို့အား ဘုရားဖူးပို့ဆောင်ပြီးပါက နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဟု ပြန်လည်ညှိနှိုင်းခဲ့သဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဘုရားဖူးခရီးစဉ်အတွက် အလှူငွေများနှင့် အအေးဘူးများ၊ စားစရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတွင် ခိုလှုံလျက်ရှိသော သမီးကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသား ၂၈၀ ခန့်အား (DKBA) ကလိုထူးဘောတပ်ဖွဲ့မှ ဗိုလ်မှူးကြီးအဆင့်ရှိ ဦးစောဆန်းအောင် ဦးစီးအဖွဲ့က မြဝတီမြို့နယ် ကျောက်ခေတ်ကျေးရွာတွင် နေရာချထားပေးရန် ၁၀ ဘီးယာဉ် လေးစီး၊ ယာဉ်ငယ်လေးစီးတို့ဖြင့် ခေါ်ဆောင်လာရာ မေ ၂ ရက် နံနက် ၁၁ နာရီခန့်တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ရှိ ဒုံသမိတံတားသို့ ရောက်ရှိလာခဲ့ကြောင်း။

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဦးစောဆန်းအောင်နှင့် ရွာသူရွာသားများအား တွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်း ယခုအချိန်သည် ငြိမ်းချမ်းရေးတည်ဆောက်မှုအရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည့် ကာလဖြစ်သည့်အလျောက် တစ်ချိန်က ပြည်တွင်းပဋိပက္ခကြောင့်ရွှေ့ပြောင်းနေထိုင်နေကြရသူများအား ပြန်လည်နေရာချထားရေး၊ တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံပြီး နေရာချထားပေးရေး၊ ထိုသို့နေရာချထားရေးကိစ္စရပ်များအား ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ နေရာများ လျာထားသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နေဆဲကာလတွင် ယခုကဲ့သို့ ပြည်တွင်းမှ လူအုပ်စုလိုက် ရွှေ့ပြောင်းနေရာချထားရေးအစီအစဉ်မှာ အခက်အခဲများရှိကြောင်း၊ ယခုကာလမှာ ရာသီဥတုပူပြင်းသည့်အချိန်ဖြစ်သည့်အလျောက် နေရာသစ်တွင် နေရေး၊ စားရေးမှအစ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအခက်အခဲများရှိနိုင်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အား ခေါ်ဆောင်လာသည့်နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးသင့်သည်ဟု ညှိနှိုင်းခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းချက်အား ဦးစောဆန်းအောင်က လက်ခံခဲ့ပြီး ၎င်းခေါ်ဆောင်လာသည့် မိသားစုများအား ကျိုက္ခမီ၊ စက်စဲတို့သို့ ပို့ဆောင်ပေးပြီးပါက နေရပ်ပြန်ပို့ရန် စီစဉ်မည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့နောက် အဆိုပါအဖွဲ့သည် မေ ၂ ရက် ည ၇ နာရီခန့်တွင် မွန်ပြည်နယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထိုအဖွဲ့အား လူအင်အား ၃၀၀ စာ အအေး၊ စားစရာများနှင့် ဘုရားဖူးခရီးစဉ်အတွက် လှူဒါန်းနိုင်ရန် ငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

✲ ခရီးသည်တင်မှ

မီနီဘတ်(စ်)သွင်းနိုင်သည့် ယာဉ်ပိုင်ရှင်များက တင်သွင်းသွားမည်ဖြစ်သော်လည်း မဝယ်နိုင်သည့် ယာဉ်ပိုင်ရှင်များကမူ စလစ်အတိုင်း ရောင်းရမည်သာဖြစ်ကြောင်း အနောက်ပိုင်းခရိုင် ဌာနခွဲ ၃၊ တာမွေ-အရှေ့ပိုင်းတက္ကသိုလ်(တာဝ) ပြေးဆွဲနေသည့် ယာဉ်ပိုင်ရှင် ဦးဟန်ဝင်းထွန်းက ပြောသည်။

“အခြား ရှစ်စီးလောက်ပိုင်တဲ့သူတွေက လေးစီးအပ်တယ်။ လေးစီးပြေးဆွဲရတယ်။ တစ်စီးတည်း ပိုင်ရှင်ကျတော့ အခု ဟိုင်းလပ်ပေါက်ဈေးနဲ့ မီနီဘတ်(စ်)ဝယ်ဖို့ ငွေမလိုက်နိုင်တာကြောင့် ဒီကားကို အပ်ပြီးတဲ့ စလစ်နဲ့ နောက်ထပ်ပိုက်ဆံ ပြန်ရှာရတော့ အဆင်မပြေနိုင်ဘူး၊ မီနီဘတ်(စ်) တရုတ်ကားကို သိန်း ၁၅၀ ဝန်းကျင်နဲ့ ရမယ်။ CNG ကားလို့ ပြောတယ်။ တကယ်သွားကြည့်တော့ ကုမ္ပဏီမှာ ကားမပြနိုင်ဘူး။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ့်ကို ပြန်ရိုက်မှာ။ ကားမပြနိုင်ဘဲ ပိုက်ဆံကြိုသွင်းပြီးတော့ ကားမှာပေးမှာ။ ကားပြဖို့မရှိတဲ့ ဒီလို ကုမ္ပဏီကို ဘယ်လိုသွားယုံမလဲ။ ကားဝယ်မယ်ဆိုပြီး သူတို့လိမ်သွားရင် ဘယ်သူက အာမခံမလဲ။ အရစ်ကျနဲ့ရှိပေမယ့် တကယ်မှာ အဆင်မပြေနိုင်သေးဘူး” ဟု ၎င်းက ဆက်လက်ပြောပြခဲ့သည်။

အဆိုပါ ဟိုင်းလပ်ယာဉ်များကို သုံးကာ သွားလာနေရသည့် ခရီးသည် ဦးရေမှာ တစ်ရက်လျှင် တစ်သိန်း တစ်သောင်းကျော် ရှိနေသည်ဟု သိရသည်။ ယခုကဲ့သို့ ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ ပြေးဆွဲခွင့် မပြုခြင်းနှင့် မီနီဘတ်(စ်) အစားထိုး ပြေးဆွဲခြင်းတို့ကြားကာလတွင် ပြည်သူများမှာ ဆိုင်ကယ်ကယ်ရီများကို သုံးကာ သွားလာနေကြရသဖြင့် မလိုအပ်ဘဲ ငွေကြေးအပိုကုန်ကျနေမှုများလည်းရှိနေကြောင်းကို ရွှေပြည်သာ-အင်းစိန် ပြေးဆွဲနေသော ဟိုင်းလပ်ယာဉ်ကို အသုံးပြုကာ နေ့စဉ်သွားလာနေသူတစ်ဦးက ပြောသည်။

ခရီးသည်တင် ဟိုင်းလပ်ယာဉ် ပြေးဆွဲခွင့်ကို ယခု ၂၀၁၄ ခု နှစ်ကုန်အထိ ခွင့်ပြုပေးရန် ဆက်လက်တင်ပြသွားမည်ဟု မေ ၃ ရက်က မထသ(ဗဟို)တွင် ယာဉ်ပိုင်ရှင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံပွဲ၌ ယာဉ်ပိုင်ရှင်အချို့က ဆိုကြသည်။

ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ ပုံမှန်လမ်းကြောင်းအတိုင်း ပြန်လည်ပြေးဆွဲခွင့်ရရန် ပြီးခဲ့သည့် ရက်ပိုင်းက တိုက်ကြီးမြို့တွင်း၊ ရန်ကုန်မြို့တွင်းရှိ မြို့တော်ခန်းမ (မဟာဗန္ဓုလပန်းခြံရှေ့)နှင့် မထသ(ဗဟို)ရုံးချုပ်တို့၌လည်း ယာဉ်လုပ်သားများ၏ ဆန္ဒထုတ်ဖော်မှုများလည်းရှိခဲ့သည်။ **(နန္ဒာဝင်း)**

မြင်းမူဆိပ်ကမ်းတွင် အမျိုးအမည်မသိ ဗုံးတစ်လုံးတွေ့ရှိ

မြင်းမူ မေ ၃

မြင်းမူမြို့ အရှေ့ပိုင်းရပ်ကွက်ရှိ ဆင်တပ်ကူးတို့ဆိပ်အနီး ဧရာဝတီမြစ်အတွင်းမှ အမျိုးအမည်မသိ ဗုံးတစ်လုံးတွေ့ရှိ၍ အရှေ့ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးက မြင်းမူမြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ထို့နောက်တပ်နယ်၏ညွှန်ကြားချက်အရ တပ်နယ်မှ ကြည်း ၆၃၄၈၄ ဗိုလ်လှဆန်းထွန်း ဦးစီး၍ အခြားအဆင့် ခုနစ်ဦးသည် မြင်းမူရဲစခန်း၏ သတင်းပို့ချက်အရ လာရောက်စစ်ဆေးခဲ့ရာ အမည်မသိ အလျား ၁၆ လက်မ၊ အချင်း သုံးလက်မ ပတ်လည်၊ ပင်မပြုတ်သေး၊ ဒလက်ခြောက်ခုပါ၍ သံချေးတက်နေသော ဗုံးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) ကိုကိုနိုင်(မြင်းမူ)

မြန်မာ့သစ်အချောထည်ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်တော့မည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
မောင်မောင်ထွေး

ခေတ်မီသစ်အချောထည်စက်ရုံပီပီ စက်ရုံလည်ပတ်မှုမှာ ခေတ်ဟောင်းက သစ်စက်များ၏စက်သံကဲ့သို့မဟုတ်၊ တိုးတိတ်ညင်သာလှပြီး သစ်လုံးတစ်လုံးကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း လျှင်မြန်တိကျစွာခွဲစိတ်ပြီးစီးနိုင်သည်။

“ခေတ်မီသစ်အချောထည်စက်ရုံတစ်ခုဖြစ်သလို စက်ရုံအတွင်း သန့်ရှင်းသပ်ရပ်မှု၊ ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင်လုံခြုံမှုနဲ့ ဝတ်စားဆင်ယင်မှုကအစ ဆောင်ရွက်ထားတာကိုတွေ့ရတယ်၊ အနာဂတ်မှာ သစ်အချောထည်စက်ရုံတွေပိုပြီး ဖွင့်လှစ်နိုင်ဖို့လိုအပ်ပါတယ်၊ သစ်အချောထည်စက်ရုံတွေရဲ့ ရှေ့အနာဂတ် အလားအလာလည်း ကောင်းပါတယ်၊ ဆက်လက်ဖွင့်လှစ်မယ့် သစ်အချောထည်စက်ရုံတွေကိုလည်း အခုလို တက်ရောက်အားပေးသွားမယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုအဖြစ် တည်ဆောက် ဖွင့်လှစ်လိုက်သည့် CONCORDE INDUSTRIES LTD ၏ သစ်အချောထည်စက်ရုံဖွင့်ပွဲအခမ်းအနားအပြီး သတင်းအဖွဲ့နှင့် သီးခြားတွေ့ဆုံစဉ် ပြောကြားခဲ့သည်။

စက်ရုံအတွင်းထုတ်လုပ်ပြီး ပရိဘောဂများနှင့် သစ်အချောထည်များအား တွေ့ရစဉ်။

အဆိုပါ လီမိတက်သည် စင်ကာပူအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး တစ်နှစ်လျှင်ကုန်ကြမ်းသစ်တန်ချိန် တစ်သောင်းခန့်ကို ခွဲစိတ်နိုင်ရန် လျာထားလျက်ရှိသည်။ ကျွမ်းကျင်ဝန်ထမ်း ၂၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးထားပြီး သစ်အချောထည်များကို EU နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ ကြားသိရသည်။

“အရင်က ကျွန်းသစ်လုံးတွေကို ပြည်ပကိုအဓိကတင်ပို့ရောင်းချခဲ့ပေမယ့် အခုသစ်အလုံးလိုက် ပြည်ပတင်ပို့မှု ရပ်ဆိုင်းတော့မှာဖြစ်တဲ့အတွက် သစ်အချောထည်တွေ ထုတ်လုပ်ဖို့ ခြေလှမ်းသစ်စတင်ခဲ့ခြင်းဖြစ်ပါတယ်။ သစ်အချောထည်စက်ရုံတည်ထောင်ပြီး ရင်းနှီးမြှုပ်နှံတာဟာ မြန်မာ့သစ်အချောထည်ထုတ်ကုန်တွေ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ပြီး သစ်ထောက်ခံချက်ရရှိရေး ကြိုးပမ်းဆောင်ရွက်မှုကို ပူးပေါင်းပါဝင်တဲ့ အစီအစဉ်ဖြစ်ပါတယ်” ဟု CONCORDE INDUSTRIES LTD အထွေထွေမန်နေဂျာ Mr.Philippe Maudet က ဆိုသည်။

လီမိတက်အနေဖြင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေး စီမံအုပ်ချုပ်မှုအတွေ့အကြုံများနှင့် သစ်အချောထည် ထုတ်လုပ်မှုများတွင် ကျွမ်းကျင်သည့် ဝန်ထမ်းအဖွဲ့ဖွဲ့ပြီး သစ်ထောက်ခံချက်ရရှိရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

CONCORDE INDUSTRIES LTD မှ အကြံပေးပုဂ္ဂိုလ်ဦးသန်းဆွေက “နိုင်ငံတော်အနေနဲ့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းတော့မယ်ဆိုကတည်းက သစ်အခြေခံ စက်မှုလုပ်ငန်းတွေကို အားပေးနေပါတယ်။ ဒါဟာ သစ်အခြေခံ စက်မှုလုပ်ငန်းရှင်တွေ အတွက် အင်မတန်ကောင်းမွန်တဲ့ Message တစ်ခု ဖြစ်ပါတယ်။ သစ်လုံးတွေကိုပဲ အားကိုးမနေဘဲ သစ်အချောထည် လုပ်ငန်းတွေကို အဆင့်အတန်းမြင့်မြင့်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် ရောင်းချရင် ဝင်ငွေလည်း ပိုရမယ်။ ကျွမ်းကျင်မှုလည်း တိုးလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရလာမှာဖြစ်တယ်”ဟု ရှင်းပြသည်။

“သစ်ကို အလုံးလိုက်ရောင်းတာ အလွန်ရှေးကျတဲ့ ခေတ်ကပါ။ သစ်ကိုအလုံးလိုက်ရောင်းလို့ အကျိုးစီးပွားရှိသွားတာက ဝယ်တဲ့သူတွေပါပဲ။ အချောထည်ပြန်လုပ်လို့ ရောင်းဈေးမှာ ပိုတိုးပြီးငွေကြေးအကျိုးအမြတ်လည်း ပိုရတယ်။ သူတို့နိုင်ငံသားတွေပါ အလုပ်အကိုင်ရသွားတာဖြစ်လို့ သူတို့ပဲ ပိုပြီး ခံစားရတာပေါ့။ ကျွန်တော်တို့က ရသင့်တာကို မရဘူးပေါ့။ သစ်လုံးတစ်လုံးကို ခွဲလိုက်ရင် ပျမ်းမျှအားဖြင့် အချောထည် ၅၀ ရာခိုင်နှုန်းရတယ်။ သစ်လုံးတစ်တန်ထက် အချောထည်တစ်တန်က ဆတိုးပိုရတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက် အကျိုးရှိသလို ပြည်တွင်းမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ မြန်မာနိုင်ငံသားပိုင် စက်ရုံတွေလည်း အများကြီးရှိလာပြီဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပပို့ကုန်ဝင်ငွေ တိုးလာပါလိမ့်မယ်”ဟု ၎င်းက ဆိုသည်။

“ဥရောပနိုင်ငံတွေက ကျွန်တော်တို့ဆီက သစ်လုံးတွေနဲ့ အပျော်စီးသင်္ဘောတွေ ဆောက်ကြတယ်။ သုံး၊ လေးဆ အမြတ်ရပြီး သူတို့တွေ ခံစားရတယ်။ နှစ်တွေကြာခဲ့ပြီ။ အခုနိုင်ငံတော်က ဒါတွေကို ရှုမြင်သုံးသပ်ပြီး သစ်အလုံးလိုက် ပို့တာရပ်တော့မယ်။ ဒါကြောင့် ဝမ်းသာမိပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မှန်ပါသည်။ တာဝန်ရှိသူများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသလို နိုင်ငံသားများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါလိမ့်မည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ အစပြု၍ နိုင်ငံတော်က ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းလိုက်သည်နှင့်အတူ တိုက်ဆိုင်စွာ ယခု သစ်အချောထည်စက်ရုံတစ်ရုံဖွင့်လှစ်လိုက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ပြည်ပပို့ကုန် ဝင်ငွေတိုးတက်ရရှိမှု၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖန်တီးနိုင်မှု၊ ခေတ်မီစက်ကိရိယာ၊ နည်းပညာများနှင့် ထိတွေ့ဆောင်ရွက်ခွင့်ရ၍ ကျွမ်းကျင်ဝန်ထမ်းများမွေးထုတ်နိုင်မှုစသည်ဖြင့် ကဏ္ဍအလိုက် တိုးတက်လာမည်ဖြစ်၍ မြန်မာ့သစ်အချောထည်ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြပါစို့။ ။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်

ညောင်တုန်း မေ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို မေ ၂၉ ရက် ည ၁၂ နာရီမှစ၍ ယနေ့အထိ ကောက်ယူဆောင်ရွက်လျက်ရှိသည်။ ညောင်တုန်းမြို့နယ်အတွင်း၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၅၄)အုပ်စုတွင် သန်းခေါင်စာရင်းကောက်ရမည့် အိမ်ထောင်စုပေါင်း ၅၀၁၄၀၂ စု၊ ကောက်ကွက်ပေါင်း ၃၂၅ ခုကို စာရင်းစစ် ၉၃ ဦး၊ စာရင်းကောက် ၃၄၂ ဦးက လုပ်ငန်းအဆင်ပြေချောမွေ့စွာ ကောက်ယူလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှဒေါင်းသည် မေ ၂ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လဝက ဦးစီးအရာရှိ၊ သန်းခေါင်စာရင်းကော်မတီဝင်များနှင့်အတူ ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စုရှိ သန်းခေါင်စာရင်းကွပ်ကဲမှုရုံးနှင့် ကောက်ကွက်များအား သွားရောက်စစ်ဆေးကြောင်း သိရသည်။ **ဝင်းမြင့်ကျော်(ညောင်တုန်း)**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ပထမပြန်စာမေးပွဲကျင်းပနေမှု ကြည့်ရှုကြည်ညို

နေပြည်တော် မေ ၃

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် မေ ၃ ရက် မွန်းလွဲပိုင်းတွင် ကလောမြို့ မဟာဓမ္မိကာရာမသိမ်တောင်ကျောင်း ပရိယတ္တိစာသင်တိုက် စာဖြေဌာနတွင် ကျင်းပသော ၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲဖြေဆိုနေကြသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ စာမေးပွဲကြီးကြပ်ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ကလောမြို့ မဟာဓမ္မိကာရာမသိမ်တောင်ကျောင်း ပရိယတ္တိစာသင်တိုက် စာဖြေဌာနတွင် ပထမကြီးတန်း ဘာသာရပ်ဖြေဆိုရန် စာရင်းသွင်း ၄၁ ပါး၊ ဖြေဆို ၃၉ ပါး၊ ပျက်ကွက် နှစ်ပါး၊ ပထမလတ်ဖြေဆိုရန် စာရင်းသွင်း ၆၅ ပါး၊ ဖြေဆို ၅၈ ပါး၊ ပျက်ကွက် ခုနစ်ပါး၊ ပထမငယ်ဖြေဆိုရန် စာရင်းသွင်း ၁၆၃ ပါး၊ ဖြေဆို ၁၄၁ ပါး၊ ပျက်ကွက် ၂၂ ပါးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်စု (၁၁)ဝါးခင်းကျောင်းလမ်းအတွင်း၌ နေထိုင်ကြသည့် အိမ်ထောင်စု (၁၁၇)စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေပုံစံ (၆၆/၆)မရရှိခြင်းကိစ္စ

၁။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်စု (၁၁) ဝါးခင်းကျောင်းလမ်းအတွင်း၌ နေထိုင်ကြသည့် အိမ်ထောင်စု ၁၁၇ စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေပုံစံ(၆၆/၆)မရရှိခြင်းကြောင့် မွေးစာရင်းဖြင့် (မွေး/တိုး)ပြုလုပ်၍မရခြင်း၊ အရွယ်ရောက်ပြီးသူများတွင် နိုင်ငံသားစိစစ်ရေးကတ်များမရရှိကြသဖြင့် လူမှုရေး၊ စီးပွားရေးနှင့်ကျန်းမာရေးတို့တွင် အဆင်မပြေသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါကြောင်း၊ လမ်းအတွင်းနေထိုင်သည့်အသက် (၁၈)နှစ်ပြည့်ပြီးသော ကျား ၃၆ ဦးနှင့် မ ၄၅ ဦး စုစုပေါင်း ၈၁ ဦးတို့တွင် နိုင်ငံသားစိစစ်ရေးကတ်များမရရှိကြ၍ အဆင်မပြေသည့် အခက်အခဲနှင့် ကြုံတွေ့နေရပါကြောင်း၊ ယင်းအခက်အခဲများကို တာဝန်ရှိသူများက စီမံချက်ဖြင့် လာရောက်ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီသို့ ပေးပို့လာသည့်အတွက် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စိစစ်ဆောင်ရွက်ထားရှိမှုအား မိဘပြည်သူများသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

၂။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းနှင့်အဖွဲ့က စိစစ်ဆောင်ရွက်ရာတွင် “စော်ဘွားကြီးကုန်းရပ်ကွက် ဝါးခင်းကျောင်းလမ်းအပိုင်း ဝါးတောအုပ်စုတွင် အိမ်ခြေ ၂၀၆ လုံး၊ အိမ်ထောင်စု ၂၀၆ စုနှင့်လူဦးရေ ၁၀၀၄ ဦးနေထိုင်လျက်ရှိပြီး ၂၀၀၀ ပြည့်နှစ်တွင် မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လှိုင်သာယာအဝေးပြေးသို့နေရာချထားပေးပြီး ယခုပြန်လည်၍ ပုဂ္ဂလိကတစ်ဦးချင်းပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်နေခြင်းဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်းထုတ်ပေးရာတွင် (က)အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်လျှောက်ထားခြင်း၊ မလာရောက်နိုင်ပါက ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက်ပါ ကိုယ်စားလှယ်လွှဲစာဖြင့် မိသားစုထဲမှ အသက် (၁၈)နှစ်ပြည့်ပြီးသူအားစေလွှတ်ခြင်း၊ (ခ) အိမ်ထောင်ဦးစီး၏ လျှောက်လွှာ၊ (ဂ) နောက်ဆုံးနေထိုင်ခဲ့သောမြို့နယ်မှပြောင်းရွှေ့ပုံစံ (၁၀) ပါရှိခြင်း၊ (ဃ) ဝင်ရောက်နေထိုင်မည့် လိပ်စာမှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ (င) အိမ်ပိုင်ဆိုင်မှုအထောက်အထား(သို့)မည်သည့်အခြေအနေဖြင့် နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ လိုအပ်ကြောင်း၊ အထက်ပါ လိုအပ်ချက်များတင်ပြနိုင်ခြင်း မရှိသည့်အတွက် အိမ်ထောင်စုစာရင်း လုပ်ပေး၍ မရပါကြောင်း” စိစစ်ပြန်ကြားထားခဲ့ကြောင်း သိရှိရပါသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

မြန်မာ ယူ-၁၄ အသင်း ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း သရေရလဒ်များဖြင့်သာ ကျေနပ်ခဲ့ရ

အိုဆာကာ မေ ၃

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပလျက်ရှိသည့် ဂျပန်-အာဆီယံ ယူ-၁၄ ချန်ပီယံရှစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်များကို ယနေ့စတင်ကျင်းပရာ မြန်မာ ယူ-၁၄ အသင်းသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီတွင် စင်ကာပူအသင်းနှင့် ပွဲဦးထွက်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

မြန်မာအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် စင်ကာပူအသင်းအား တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ဂိုးကံခေခဲ့သည်။ စင်ကာပူအသင်း တန်ပြန်တိုက်စစ်မှ အဖွင့်ဂိုးရရှိသွားခဲ့ပြီး မြန်မာအတွက် ချေပဂိုးကို ကောင်းထက်ကျော်၏ ဖြတ်တင်ဘောအား သက်ပိုင်ထွေး အပိုင်ပိတ်ပြီး သွင်းယူပေးခဲ့သည်။ ဒုတိယပွဲအဖြစ် ဂျပန်ကလပ် ဂမ်ဘာ အိုဆာကာ လူငယ်အသင်းနှင့် ညနေ ၃နာရီခွဲတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။ မြန်မာအသင်းမှ ချမ်းဇော်ဟိန်းကန်ချက်ကို သက်ပိုင်ထွေး ထပ်ဆင့်ကန်သွင်းရာ ဂိုးဝင်သွားခဲ့သော်လည်း လူကျွံဘောသတ်မှတ်ခံရ၍ မြန်မာတို့ဂိုးမရခဲ့ပေ။ မြန်မာယူ-၁၄ အသင်းသည် တတိယမြောက်ပွဲစဉ်အဖြစ် မေ ၄ ရက် ညနေ ၃ နာရီခွဲတွင် လာအို ယူ-၁၄ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မောင်မောင်ဇော်)**

သင်္ကြန်ကာလအတွင်း မန္တလေးမှထွက်ခွာမည့် ရထားလမ်းပိုင်းအချို့ ရပ်နားမည်

မန္တလေး ဧပြီ ၃

မဟာသင်္ကြန် ကာလအတွင်း မန္တလေးဘူတာကြီးမှ ထွက်ခွာမည့် ရထားလမ်းပိုင်းတချို့အား သင်္ကြန်အကျနေ့ မှ အတက်နေ့(ဧပြီ ၁၄ ရက်မှ ၁၆ရက်)အထိ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း မန္တလေးဘူတာကြီး ရထားလက်မှတ် အရောင်းဌာန၌ ထုတ်ပြန်ကြေညာထားသည်။

မန္တလေးမှ ရန်ကုန်သို့ ညနေ ၃ နာရီတွင် ထွက်ခွာသော အမှတ် (၆) အစုန်အမြန်ရထားအား လည်းကောင်း၊ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲနေပြီး နံနက် ၄ နာရီခွဲတွင် ထွက်ခွာသည့် အမှတ် (၃၇) အဆန်နှင့် အမှတ်(၃၈) အစုန်ရထားများအားလည်းကောင်း၊မန္တလေးမှမွန်းလွဲ ၁ နာရီတွင် ထွက်ခွာသည့် အမှတ်(၃၃) အဆန်နှင့် မြစ်ကြီးနားမှ မွန်းလွဲ၁ နာရီ မိနစ် ၅၀ တွင် ထွက်ခွာသည့် အမှတ် (၃၄) အစုန်ရထားများအား လည်းကောင်း၊ မန္တလေးမှ ညနေ ၄ နာရီ မိနစ် ၂၀ တွင် ထွက်ခွာသည့် အမှတ် (၅၇) အဆန်နှင့် မြစ်ကြီးနားမှ ညနေ ၃ နာရီတွင် ထွက်ခွာသည့် အမှတ် (၅၈) အစုန်ရထားများနှင့် မန္တလေးနှင့် မုံရွာလမ်းပိုင်းတွင်ပြေးဆွဲနေပြီး မန္တလေးမှမွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာသည့် အမှတ် (၁၂၃) အဆန်နှင့်မုံရွာမှ နံနက် ၆ နာရီတွင်ထွက်ခွာသည့်အမှတ် (၁၂၄) အစုန်အမြန်ရထားပြေးဆွဲမှုတို့အား ရပ်နားထားမည်ဖြစ်ကြောင်း သိရှိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပြည်သူများပူးပေါင်းပါဝင်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူရာတွင် အဆင်ပြေ

သထုံ ဧပြီ ၃

မွန်ပြည်နယ် သထုံမြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို နေရာလပ်မကျန်အောင် တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိရာ ပြည်သူများ၏ပူးပေါင်းပါဝင်မှု၊ သန်းခေါင်စာရင်းကော်မတီများ၏ ပံ့ပိုးကူညီမှုကြောင့် စာရင်းကောက်ဆရာမများအနေဖြင့် အခက်အခဲနည်းပါးကြောင်း သိရသည်။ "ကျွန်မတာဝန်ယူရတဲ့ ကောက်ကွက်မှာ အိမ်ထောင်စုပေါင်း ၁၇၄ စုရှိပါတယ်။ ဧပြီ ၂ ရက်အထိ အိမ်ထောင်စု ၇၀ ပြီးစီးပါပြီ။ အားလုံးက ကျွန်မစာသင်ပေးရတဲ့ ကလေးတွေရဲ့မိဘတွေဆိုတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုပေးကြပြီး အပြည့်အဝ ပူးပေါင်းပါဝင်ကြလို့ အခက်အခဲ သိပ်မရှိပါဘူး" ဟု အောက်ကျင်းရပ်ကွက် ကန်ညီနောင်ရပ်ကောက်ကွက်အမှတ် (၈) မှ စာရင်းကောက်ဆရာမ ဒေါ်သင်းသင်းအေးက ပြောသည်။

သထုံမြို့ အောက်ကျင်းရပ်ကွက်တွင် သန်းခေါင်စာရင်းကောက်ကွက် ၁၆ ကွက်အားစာရင်းကောက် ၁၆ ဦး၊ စာရင်းစစ် လေးဦးတို့ဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စာရင်းကောက်၊ စာရင်းစစ်ဆရာ ဆရာမများ၏ လုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို အလေးထားကွပ်ကဲသွားမည်ဖြစ်ကြောင်း ရပ်ကွက်သန်းခေါင်စာရင်းကွပ်ကဲရေး အဖွဲ့ခေါင်းဆောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

သက်ဦး(သထုံ)

ကြက်ဥဈေးနှုန်း မြင့်တက်

မုံရွာ ဧပြီ ၃

မတ်လလယ်ပိုင်းမှစတင်၍ အပူချိန်မြင့်မားလာသည့်နောက်ပိုင်းကာလများတွင် မုံရွာမြို့နယ် ဥစားကြက်မွေးမြူရေးခြံများတွင် ကြက်ဥအထွက်နှုန်းကျဆင်းလာခြင်းနှင့်အတူ ကြက်ဥတစ်ပိဿာလျှင် ကျပ်နှစ်ရာ ဝန်းကျင် ဈေးမြင့်တက်သွားခဲ့ကြောင်း ကြက်ဥရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။ အပူချိန်မှာ သိသိသာသာတက်လာသောကြောင့် ကြက်ဥအထွက်နှုန်းလျော့ကာ ဈေးကွက်တွင် ကြက်ဥတစ်ပိဿာလျှင် ကျပ် ၂၄၀၀ မှ ကျပ် ၂၆၀၀ သို့ ဈေးတက်သွားကြောင်း၊ ဆောင်းတွင်းကာလတွင် ကြက်ဥမှာ အချိန်စီးသောကြောင့် ကြက်ဥတစ်ပိဿာ ၁၇ လုံး၊ ၁၈ လုံးရှိရာ နွေရာသီအပူချိန်မြင့်တက်ချိန်တွင် ကြက်ဥတစ်ပိဿာ အလုံး ၂၀ မှ ၂၃ လုံးဝန်းကျင်ထိ ရှိကြောင်း ကြက်ဥရောင်းဝယ်သူတစ်ဦးက ပြောပြသည်။

မုံရွာဈေးကွက်တွင် ကြက်ဥတစ်ပိဿာလျှင်ကျပ် ၂၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မဟာသင်္ကြန်အကြိုရက်များတွင် မုန့်လုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများမှ ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်း မုံရွာမြို့နယ် ကြက်ဥရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

စေတနာဒါန မွန်မြတ်လှ

အေးသန်း(ကြေးမုံ)

စာရေးသူတို့ မြန်မာလူမျိုးတော်တော်များများသည် စေတနာတရားကို အလွန်တန်ဖိုးထားတတ်ကြသူများ ဖြစ်ကြပါသည်။ သို့သော်လည်း အချို့သောသူတို့က စေတနာကို တန်ဖိုးမထားတတ်ကြကာ စေတနာနှင့် မထိုက်တန်သူတွေရှိလာခြင်းကြောင့် "စေတနာသည် လူတိုင်းနှင့် မတန်"ဟူသော စကားကို ပြောဆိုသုံးနှုန်းလာကြတော့သည်။ စေတနာဒါနသည် ဝတ္ထုပစ္စည်းပေးလှူခြင်းဒါနထက်ပို၍ မွန်မြတ်လှပေသည်။ မည်သို့ပင် တန်ဖိုးကြီးမားသည့် ဝတ္ထုပစ္စည်းကိုပေးလှူပါစေ ပေးလှူသူက စေတနာမရှိခဲ့လျှင် မိမိလှူဒါန်းမှုသည် ဒါန မမြောက်သကဲ့သို့ လှူဒါန်းသည့် ဝတ္ထုပစ္စည်းက ညံ့နေသော်ငြားလည်း လှူဒါန်းသူကိုယ်တိုင်က စေတနာဖြူစင်နေလျှင်၊ စေတနာထက်သန်နေလျှင်၊စေတနာ သုံးတန်မြတ်နေလျှင် အကျိုးပေးလည်းကြီးမည်ဖြစ်ပေသည်။

စေတနာထားသူက စေတနာထားလာသည်ကို ထိုက်တန်အောင်ယူတတ်ဖို့၊ ထားလာသည့် စေတနာကို ဝေဒနာမဖြစ်အောင် ခံယူတတ်ဖို့နှင့် ပြန်လည်တုံ့ပြန်တတ်ဖို့ကို လူတော်တော်များများက ခဲယဉ်းနေကြပေသည်။ မည်သို့ပင်ဆိုစေကာမူ စေတနာကို လူတိုင်းတန်ဖိုးမထားတတ်ကြသည့်ကြားက လူတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော "မြင့်မြတ်စေတနာ"ထားပြီး လူမှုရေးအခက်အခဲပေါင်းစုံကို အခက်အခဲများကြားမှ ဝိုင်းဝန်းဖြေရှင်းပေးနေသည့် လူမှုကူညီမှုအကျိုးတော်ဆောင်အသင်းတစ်ခုကို စာရေးသူမိဘများရှိရာ ပုသိမ်မြို့သို့ ခွင့်ဖြင့်ပြန်သွားခဲ့စဉ်က အမှတ်မထင်တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။ ဤကား လွန်ခဲ့သောနှစ်များဆီက စာရေးသူ တပ်မတော်သားဘဝဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့(နတခ)တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က တစ်ကြိမ် တစ်ခါမျှ မမြင်ဖူး၊ မကြားဖူးခဲ့သည့် ပုသိမ်မြို့အမှတ်(၁) အုပ်ချုပ်ရေးမှူးနယ်မြေ ကွမ်းခြံရပ်ရှိ ကွမ်းခြံမဟာမြတ်မုနိဘုရားကြီး ဓမ္မာရုံတွင် ဖွဲ့စည်းထားသည့် "မြင့်မြတ်စေတနာ လူမှုကူညီမှု အကျိုးတော်ဆောင်အသင်း" ပင်ဖြစ်သည်။

ပုသိမ်မြို့ ကွမ်းခြံရပ်ကွက်လေးသည် မဟာမြတ်မုနိဘုရားကြီးအားနေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုသူများနှင့် အထူးစည်ကားနေသကဲ့သို့ မြင့်မြတ်စေတနာ လူမှုကူညီမှု အကျိုးတော်ဆောင်အသင်းသို့ နေ့စဉ်လာရောက်လှူဒါန်းနေကြသော စေတနာရှင်များစုဝေးရာ " ကုသိုလ်ဒါနအရိပ်လေး"တစ်ခုလည်းဖြစ်နေပေတော့သည်။

စာရေးသူလည်း ပုသိမ်သို့ရောက်တုန်းရောက်ခိုက် မြင့်မြတ်စေတနာ လူမှုကူညီမှုအသင်းနှင့်ပတ်သက်၍ သိလိုသည်များကို အသင်းကြီး၏လက်ရှိဥက္ကဋ္ဌတာဝန်ယူနေသူလည်းဖြစ်၊ မိတ်ဆွေရင်းလည်းဖြစ်ခဲ့သည့် ဦးလှမျိုးအောင်ကိုမေးမြန်းကြည့်ခဲ့ရာ အသင်းကြီးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ရပ်မိရပ်ဖ၊ နာယက ၁၀ ဦးနှင့် စိတ်ပါဝင်စားသူ စေတနာရှင်အသင်းသား ၃၀ တို့ဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဆိုလျှင် အသင်း၏သက်တမ်း တစ်နှစ်ကျော်လာပြီဖြစ်ကြောင်း၊ အသင်းကြီး၏ရည်ရွယ်ချက်အနေဖြင့် လူမျိုးမရွေး၊ ဘာသာမရွေးအဆင့်အတန်းမရွေး၊ သာရေး၊ နာရေးကိစ္စအဝဝကို အခမဲ့ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်းနှင့်အသင်းမှမြို့ပေါ်နှင့် မြို့အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူအားလုံးအတွက် "နာရေးများတွင် စ၊ လယ်၊ ဆုံး"ပြီးသည့်တိုင်တာဝန်ယူဆောင်ရွက်ပေးခြင်း၊ သာရေး၊ ကျန်းမာရေး၊ ကားတိုက်၊ ကားမှောက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒုက္ခများကို အချိန်မီ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မီးဘေး၊ ရေဘေး၊ လေဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အချိန်မီကယ်ဆယ်ရေးများ ဆောင်ရွက်ပေးခြင်း၊ နေထိုင်မကောင်းသူ၊ မီးဖွားမိခင်များကိုလည်း အချိန်မီဆေးရုံသို့ လိုက်ပို့ပေးခြင်း၊ အရေးကြီး လူနာအတွက် လိုအပ်သည့်သွေး၊ အောက်ဆီဂျင်များ၊ ဆေးဝါးများလှူဒါန်းပေးခြင်းနှင့်ကျေးလက်တောရွာများသို့လည်း ကျန်းမာရေးစောင့်ရှောက်မှုများလိုက်လံကူညီဆောင်ရွက်ပေးခြင်း၊ ထို့အပြင် နိုင်ငံတော်အကြီးအကဲတို့မှ ပေးအပ်လာသော လုပ်ငန်းရပ်များကိုလည်း အင်တိုက်အားတိုက်ဆောင်ရွက်ပေးနေကြောင်းတို့ကို သိရှိခဲ့ရသည်။

သို့ပါ၍ စေတနာဒါနကို တန်ဖိုးထားမြတ်နိုးကြသူများ စုပေါင်းဖွဲ့စည်းထားသည့် ပုသိမ်မြို့ ကွမ်းခြံရပ်ရှိ "မြင့်မြတ် စေတနာလူမှုကူညီမှုအကျိုးတော်ဆောင်အသင်း" ကဲ့သို့ စာရေးသူတို့နိုင်ငံအနှံ့၊ မြို့ရွာအနှံ့ဖွဲ့စည်းထူထောင်ထားကြမည်ဆိုပါလျှင် "စေတနာဒါနမွန်မြတ်လှ"ခြင်း၏အကျိုးကျေးဇူးကို မုချမသွေခံစားရမည်ဖြစ်ပါကြောင်း စေတနာထား ရေးသားလိုက်ရပါတော့သည်။ ။

အမည်ပြောင်း

ကချင်ပြည်နယ် ဗန်းမော်မြို့ တပ်တွင်းမူလတန်းကျောင်း ပထမတန်းဖြေဆိုပြီး အဖ (ဦးအောင်ဇော်ဝင်း)[၁/ဗမန(နိုင်)၀၅၀၀၅၃]၏သား မောင်သိန်းဇော်ဝင်းအား မောင်ဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်ဟိန်းထက်



စားသောက်ဆိုင်လုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ စားပွဲထိုး(ကျား/မ) ၂၀ ဦး
၂။ ဧည့်ကြို(ကျား/မ) ၄ ဦး
၃။ မီးဖိုချောင်အကူ(ကျား/မ) ၂ ဦး
၄။ သန့်ရှင်းရေး(ကျား/မ) ၄ ဦး
၅။ လုံခြုံရေး(ကျား) ၃ ဦး

လျှောက်ထားလိုသူများသည် ၁၀-၄-၂၀၁၄ ရက်နောက်ဆုံးထား၍
(က) ကိုယ်ရေးရာဇဝင်အကျဉ်း
(ခ) မှတ်ပုံတင်မိတ္တူ(မူရင်း)
(ဂ) ရပ်ကွက်ထောက်ခံစာ(မူရင်း)
(ဃ) ရဲစခန်းထောက်ခံစာ(မူရင်း)
(င) လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။

အမှတ် ၂၈/B၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၁-၅၅၅၅၃၉၊ ၀၉-၃၀၂၂၄၄၃၈၊ ၀၉-၄၂၁၀၇၄၂၇၆

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဆောက်လုပ်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ဆောင်ရွက်မည့် အောက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ် ပါသည်။

(က) အောင်ဆန်းပုံနှိပ်စက်ရုံ ဝန်ထမ်းအိမ်ရာ၊ စက်မှုအလုပ်ရုံနှင့် လူနေရပ်ကွက်အကြား အရှည်(၁၉၂၃)ပေ၊ အမြင့် (၆. ၆)ပေရှိ (၉"× ၉")သံကူကွန်ကရစ်တိုင်ပါ အုတ်ခြံစည်းရိုး ပြုလုပ်ခြင်း၊

(ခ) ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
(၁) စက်ရုံဝင်းအတွင်း ၆"ထု Concrete Car Parking ပြုလုပ်ခြင်း
(၂) စက်ရုံအဝင်ဂိတ်တံခါးအတွက် ၁၄"×၁၄"ကွန်ကရစ်တိုင်ပြုလုပ်ခြင်းနှင့် (၃၀'×၈')သံပန်းတံခါး(Slide door)တပ်ဆင်ခြင်း
(၃) (၃၅'×၂'×၄ ၁/၂')ရှိ အုတ်ရေမြောင်းပြုလုပ်ခြင်း
(၄) (၂၀'×၁၅')ရှိ Forklift မောင်းရန် လမ်းခင်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများ၊ ဗိသုကာပုံစံများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်အလက်များကို ၄-၄-၂၀၁၄ရက်မှ ၁၁-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၅-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါလုပ်ငန်းများအတွက် တည်ဆောက်ရမည့် မြေပြင်အခြေအနေနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောင်ဆန်းပုံနှိပ်စက်ရုံနှင့်ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ တို့သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၀၁-၆၄၅၇၃၁၊ ၀၁-၅၄၂၆၉၅တို့ထံ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃

တင်ဒါတင်သွင်းရန်လိပ်စာ

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန။ ဖုန်း-၀၆၇-၄၁၂၃၂၇

ရခိုင်ရိုးရာသင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

စစ်တွေ ဧပြီ ၃

၁၃၇၅ ခုနှစ် အတာသင်္ကြန်ပွဲတော်ကို စစ်တွေမြို့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုမဏ္ဍပ်ကို စစ်တွေမြို့ ဦးဥတ္တမပန်းခြံတွင် ဆောက်လုပ်ပြီး ယိမ်းအကခြောက်ဖွဲ့၊ တပင်တိုင် အကငါးဖွဲ့၊ နာမည်ကြီးရခိုင်အဆိုတော်များ ဖျော်ဖြေသီဆိုမှု အစီအစဉ်များဖြင့် ပြုလုပ်မည်ဖြစ်သည်။ သင်္ကြန်ယိမ်းများလည်း ယဉ်ကျေးမှုပြတိုက်တွင် လေ့ကျင့်နေကြပြီဖြစ်သည်။ **(ဝဲပုံ)**

အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတွင် ဧပြီ ၁၂၊ ၁၃ ရက်များတွင် ရခိုင်ရိုးရာနံ့သာသွေးပြိုင်ပွဲကို ဌာနဆိုင်ရာအသင်းများ၊ ရပ်ကွက်အသင်းများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ ဘုရားရေချိုး (ရေသပ္ပာယ်)ပွဲပြုလုပ်ပြီးမှ ရေပက်ကြရမည်ဖြစ်သည်။

ဧပြီ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် ဗဟိုရေပက်မဏ္ဍပ်တွင် ရခိုင်လှပျိုဖြူများက ရေပက်ကြမည်ဖြစ်ပြီး ဗဟိုမဏ္ဍပ်စင်မြင့်တွင် ပျို့အလှနှင့်ခါသင်္ကြန်၊ အကျွန်ရို့သင်္ကြန်၊ လှစီချင်လို့လှရေပင်၊ မြူမှောင်ဝေကင်း၊ သိကြားမင်းကြီးနေပါဦး ယိမ်းများ၊ ရိုးရာကမမ၊ သင်္ကြန်မမ၊ ဘယ်လိုလူကြီးလဲတပင်တိုင်အကများ၊ နာမည်ကြီးရခိုင်အဆိုတော်များက သီဆိုဖြေဖျော်ကြကာ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြေဇာ)

ဘဏ်ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန် ဧပြီ ၃

CB Bank ၏ Payment Channels ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် CB Bank ၏ IT Department ဒုတိယ အထွေထွေမန်နေဂျာ ဦးဇေယျာအောင်က Payment Channels ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လက်ရှိအသုံးပြုနေသော ATM စက် Pos စက်၊ E Commerce၊ Mobile Banking နှင့် Cards များ၏ ဝန်ဆောင်မှုများ အကြောင်းကို ရှင်းလင်းပြောကြားပြီး **(ဝဲပုံ)** တက်ရောက်လာကြသူများနှင့် ဆွေးနွေးကြသည်။ **(ကြေးမုံ)**

မကြာမီ ရောက်ရှိလာတော့မည့် သင်္ကြန်ပွဲတော်ကာလအတွင်း မိမိတို့ စုဆောင်းငွေများမှ ဘဏ်တိုးရငွေများဖြင့် အလှူဒါနပြုခြင်း၊ မိသားစုအလိုက် ဘုရားဖူးသွားလာခြင်းများတွင် သုံးစွဲနိုင်ရေးအတွက် မိမိတို့၏ ဘဏ်ငွေစုစာအုပ်များသို့ အတိုးငွေများ ထည့်ပေးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)တွင် တန်းစီစောင့်နေကြသည်ကို ဧပြီ ၃ ရက် နံနက်ပိုင်းက တွေ့မြင်ရစဉ်။

အေးသန်း(ကြေးမုံ)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ်
အောက်တွင်ခံခွက်မမေ့နှင့်

မီးသတိပြု

t r sm; o ap&ea l u n m t yy j o n

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ဦးပိုင်အမှတ် ၁၆၀/၁၉၆၊ ဧရိယာ (၀. ၀၇၀) ဧကရှိ ပိုင်ဆိုင်ခွင့်(အေ)နှင့် ယင်းမြေကွက်ပေါ်ရှိ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၄၊ ဈေးလယ်ရပ်ဟုခေါ်တွင်သော နေအိမ်သည် ကလေးမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရှိ ပုံစံ(၁၀၅)တွင် ဦးချင်ခန့်ဒါးလ်[၅/ကလထ(နိုင်)၀၂၁၂၀၅]၏ အမည်ပေါက်တည်ရှိပါသည်။ အမည်ပေါက်ပိုင်ရှင် ဦးချင်ခန့်ဒါးလ်ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အထက်ဖော်ပြပါ မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံပြီးပေးကမ်းခြင်းမပြုလုပ်ရန် အတိ အလင်းတားမြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သော စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခင်ငြိမ်းဌေး **B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)၊
၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၂၃၉၄

ယခုနှစ်အတွင်းထွက်ရှိလာမည့် Expendables 3 အက်ရှင်ဇာတ်ကားသစ်

အက်ရှင်ဇာတ်ကားကြိုက်ပရိသတ်များ တစ်ခဲနက် အားပေးခဲ့ကြသည့် Expendables ဇာတ်လမ်းတွဲများဖြစ်သော ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် Expendables 2 ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်သည့် Expendables 3 အက်ရှင်ဇာတ်ကားသစ်ကို ယခုနှစ် ဩဂုတ်လတွင် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ Expendables 3 အက်ရှင်ဇာတ်လမ်းတွဲသစ်၌ ယခင်ဇာတ်လမ်းတွဲများတွင် ပင်တိုင်ပါဝင်နေကျ ဝါရင့်အက်ရှင်မင်းသားကြီးများဖြစ်ကြသည့် စတားလုံး၊ အာနိုး၊ ဟာရစ်ဆွန်ဖို့ဒ်၊ မဲလ်ဂျစ်ပ်ဆွန်နှင့် ဂျက်လီတို့အပြင် နာမည်ကျော်သရုပ်ဆောင်ပေါင်း ၁၆ ဦးခန့် ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ယခုအခါ မကြာမီထွက်ရှိလာမည့် အဆိုပါဇာတ်ကား၏ ပိုစတာရိုက်ကူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးခန္ဓာမောင် – စုစည်းသည်

မော်ဒယ်လောကသို့ ခြေလှမ်းသစ်ပြင်လာသည့် ဘက်ခမ်းတို့၏မျိုးဆက်သစ်

နာမည်ကြီး အကျော်အမော်နှစ်ဦးဖြစ်ကြသည့် ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းနှင့် ဗစ်တိုးရီးယားဘက်ခမ်းတို့၏သားဖြစ်သူ ဘရွတ်ကလင်းက ၎င်း၏ ပထမဆုံးသော မော်ဒယ်အဖြစ် ပွဲထွက်မှုအနေဖြင့် Man About Town မဂ္ဂဇင်းမျက်နှာဖုံးတွင် ပွဲဦးထွက်သရုပ်ဆောင်မည်ဖြစ်သည်။

နွေဦးရာသီထုတ် အဆိုပါမဂ္ဂဇင်း၏ မျက်နှာဖုံးတွင် မြင်တွေ့ရမည့် ဘရွတ်ကလင်းအား "အခုမျက်နှာဖုံးရိုက်ကူးခြင်းက ဘရွတ်ကလင်းအတွက် ပထမဆုံးအကြိမ် မော်ဒယ်အဖြစ်သရုပ်ဆောင်တာဆိုပေမယ့် ဒီအလုပ်နဲ့ မစိမ်းပါဘူး၊ သူက လှုံ့လဝီရိယရှိတယ်၊ ပေ့ါပါးတယ်"ဟု ယင်းမဂ္ဂဇင်း၏အယ်ဒီတာဖြစ်သူက မှတ်ချက်ပြုခဲ့သည်။

အဆိုပါမဂ္ဂဇင်းအတွက် တာဝန်ယူဓာတ်ပုံရိုက်ကူးပေးမည့် ဓာတ်ပုံဆရာမှာလည်း ဘက်ခမ်းဇနီးမောင်နှံနှင့် ယခင်ကတည်းက လက်တွဲခဲ့ဖူးသူတစ်ဦးဖြစ်ကာ "ဘရွတ်ကလင်းက သူဝါသနာပါတဲ့အလုပ်ကို မှန်ကန်စွာ ရွေးချယ်ခဲ့တာဖြစ်တဲ့အတွက် ဘက်ခမ်းမိသားစုအတွက် ဂုဏ်တက်စေမှာပါ"ဟု ၎င်းဓာတ်ပုံဆရာက ဆိုသည်။ ဘရွတ်ကလင်းသည် ဒေးဗစ်ဘက်ခမ်းနှင့် ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းတို့၏ သားသမီးလေးဦးအနက်မှ အကြီးဆုံးသားတစ်ဦးဖြစ်ကာ လက်ရှိတွင် အားကစားနှင့် မော်ဒယ်လုပ်ငန်းများကို စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Star Wars VII ဇာတ်ကားသစ်ကို မေလတွင် မော်ရိုကို၌ စတင်ရိုက်ကူးမည်

ပရိသတ်များ မျှော်လင့်စောင့်စားနေကြသည့် သတ္တမမြောက် Star Wars ဇာတ်လမ်းတွဲကို လာမည့်မေ ၁၄ ရက်တွင် မော်ရိုကိုနိုင်ငံ၌ စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်းနှင့် ယင်းဇာတ်ကားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကား၏ဖန်တီးရှင်ဒါရိုက်တာ JJ Abrams က ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းကဲ့သို့ ဇာတ်ကားသစ်အတွက် မော်ရိုကိုနိုင်ငံ၌ ရိုက်ကွင်းတည်ရခြင်းမှာ ဇာတ်ကားတွင် ပါဝင်မည့် ဂြိုဟ်နှင့် တူညီသောနေရာများ ရှိခြင်းကြောင့်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီး အဓိကဇာတ်ဝင်ခန်းများကိုမူ တူနီးရှားတွင် ရိုက်ကူးပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါ Star Wars ဇာတ်လမ်းတွဲသစ်တွင် မကြာမီက အော်စကာဆု ပူပူနွေးနွေးရရှိထားသည့် ကင်ညာမင်းသမီး Lupita Nyong'o၊ ဝါရင့်ဟောလိဝုဒ်မင်းသားကြီး ဟာရစ်ဆွန်ဖို့ဒ်၊ ကယ်ရီဖစ်ရှာနှင့် မာ့ခ်ဟာမေးလ်တို့လည်း ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း ပါဝင်မည့်သရုပ်ဆောင်များကို အတည်ပြုကြေညာခဲ့သည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၅-၂၀၁၄ (သောကြာနေ့)

MRTV

၆:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်	၉:၄၅	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၃၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ	၁၀:၁၅	"သန်းခေါင်စာရင်းပြည့်စေဖို့ မသန်စွမ်းသူတွေလည်းပါဝင်စို့"
၆:၄၀	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ၊ အက	၄:၁၅	"ပြည်လုံးကျွတ်သန်းခေါင်စာရင်း" (၂၀၁၄) ခုနှစ်(ရခိုင်)
၆:၅၀	"ကလောမှာထင်ရှား ရွှေဥမင်ဘုရား"	၆:၂၀	ချစ်သောဤကမ္ဘာမြေ
		၈:၃၅	ပြည်သူတို့ရဲ့စကားသံများ
၇:၃၅	"အလျော်အစား"	၈:၄၅	ကြယ်ပွင့်များရဲ့
၉:၃၀	ခါသကြိန်အဆိုအကများ		အထင်ကရတေးများ

MRTV-4

၅:၄၀	"အချိန်မကုန်ပါစေနဲ့" တရားတော် (ဆရာတော် အရှင်ဝိလာသ)	၄:၀၀	Cartoon Series (Welcome to Skyville)
		၄:၄၀	Cartoon Series (Curious Kemi)
၁၀:၀၀	ခေတ်သစ်ပျိုမေ		
၁၀:၄၅	အနုပညာမိုးကောင်းကင်	၆:၀၅	Health Fix
၁၁:၁၀	Food & Decor	၈:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၈)
၁၁:၃၅	MRTV-4 Stage		
၂:၀၀	MRTV-4 သတင်း		
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး"(အပိုင်း-၃၉)	၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၃၄)
၃:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး"(အပိုင်း-၄၈)	၁၀:၂၀	Minute to Win It

MWD

၆:၀၃	တရားတော်		"နွေပင်လယ်" (အပိုင်း-၆)
၆:၁၅	မေတ္တာပို့	၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၅	ဓမ္မပူဇာတေး		-အမျိုးသားရေးတေးကဗျာ
၆:၃၀	ယောဂ		-ဒွိတာဝန်အရေး(၃)ပါး
၄:၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း		-နိုင်ငံတကာသတင်း
၅:၁၀	သာယာသီကြွေး ခေတ်ဆန်းတေး		-မိုးလေဝသသတင်း
			-သံစဉ်များနှင့်ကမ္ဘာ
၅:၂၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်		-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၆:၁၀	"ရွာ" ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ-မိုးဇော်ကို		-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း"
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း		(အပိုင်း-၂၈)

ပီအက်စ်ဂျီနှင့် ရီးယဲလ်မက်ဒရစ် အိမ်ကွင်းနိုင်ပွဲများရရှိ ဒေါ့မွန်နှင့် ချယ်လ်ဆီး ဆီမီးတက်ရန် အိပ်မက်ပျက်ရဖွယ်ရှိနေ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် အိမ်ရှင်ပီအက်စ်ဂျီအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပိန်မြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။သို့သော် ဒေါ့မွန်နှင့် ချယ်လ်ဆီးတို့မှာ နောက်တစ်ဆင့်တက်လှမ်းရေးအတွက် မျှော်လင့်ချက်ပျက်ရဖွယ်ရှိနေသည်။

ပီအက်စ်ဂျီအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ပွဲစဉ်တွင် အိမ်ရှင်ပီအက်စ်ဂျီအသင်းသည် လာဗက်ဇီ၊ ကာဗာနီ၊ အီဘရာဟီမိုဗစ်ချ်၊ မက်တူဒီ၊ ဗာရက်တီ၊ သီယာဂိုဆေးလ်ဗား၊ မက်ဝဲလ်၊ မော့တာ၊ အဲလက်စ်စသည့် ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထုတ်လာခဲ့ပြီး ဧည့်သည် ချယ်လ်ဆီးအသင်းသည် အဝေးကွင်းတွင် နိုင်ပွဲရရှိရေးအတွက် ရှာရယ်အား အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုလျက် ရာမီရက်စ်၊ ဒေးဗစ်လုဇ်၊ ဟာဇက်၊ အော်စကာ၊ ဝီလီယံ၊ ကာဟေးလ်၊ တယ်ရီ၊ အက်ပီလီကူတာ၊ အိုင်ဗန်နိုဗစ် စသည့်ကစားသမားများကို ၄-၂-၃-၁ မဟာဗျူဟာဖြင့် ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ ဒုတိယနေ့ပွဲစဉ်နှစ်ပွဲအနက် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲ၏ ရသကိုပေးစွမ်းနိုင်ခဲ့သည့်ပွဲစဉ်ဖြစ်ခဲ့ပြီး အိမ်ရှင်ပီအက်စ်ဂျီအသင်းက ပွဲကစားချိန် ၄ မိနစ်မှာပင် တိုက်စစ်မှူး လာဗက်ဇီ၏ တစ်ကိုယ်တော်အစွမ်းပြကစားမှုဖြင့် အိမ်ကွင်းတွင် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ချေပဂိုးရရှိရေးအတွက် ခြေကုန်ထုတ်ကစားလာခဲ့ရာ ပွဲကစားချိန် ၂၇ မိနစ်တွင် အော်စကာကြောင့် ရရှိလာသည့် ပင်နယ်တီပြစ်ဒဏ်ဘောကို တိုက်စစ်မှူးဟာဇက်က ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့သဖြင့် ချယ်လ်ဆီးအသင်း ချေပဂိုးပြန်လည်ရရှိခဲ့သည်။

ထို့နောက် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ပြိုင်ဆိုင်မှုပြင်းထန်နေစဉ်တွင် တစ်ဖက်အသင်း၏ နည်းပြနှင့် ကစားသမားများကို စိတ်အာရုံပြောင်းလဲစေခြင်း၌ တိုက်စစ်မှူးရှာရယ်၏ နေရာတွင် ချန်ပီယံလိဂ်

အတွေ့အကြုံရင့်သည့် တိုက်စစ်မှူးတောရက်စ်ကို ထည့်သွင်းကစားစေခဲ့သော်လည်း ပွဲကစားချိန် ၆၁ မိနစ်တွင် ပီအက်စ်ဂျီကစားသမားများ ဦးဆောင်ဂိုးရရှိရေးအတွက် အပြန်အလှန်ကစားရင်း ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်နှင့်ထိကာ ဂိုးဝင်သွားခဲ့သဖြင့် ပီအက်စ်ဂျီအသင်း အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားကွက်ပြောင်းလဲမှုအဖြစ် အော်စကာနေရာတွင် လမ်းပတ်ကို ထည့်သွင်းကစားစေခြင်း၊ ပီအက်စ်ဂျီအသင်းသည် ဗာရက်တီနေရာတွင် ကာဘာရီကိုလည်းကောင်း၊ လာဗက်ဇီနေရာတွင် ပက်စတိုးကိုလည်းကောင်း ထည့်သွင်းကစားစေခဲ့ပြီး နောက် ပိုင်း ပွဲကစားချိန် မိနစ် ၉၀ တွင် လူစားဝင်လာသည့် ပက်စတိုးက ပီအက်စ်ဂျီအသင်းအတွက် တတိယမြောက်ဂိုးသွင်းယူပေးခဲ့ရာ ပီအက်စ်ဂျီအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒို၊ အစ္စကို၊ လူကာမိုဒရစ်၊ ဘင်ဇီမာ၊ ရာမို့စ်၊ အလွန်ဆို၊ ကာဗာဂျယ် စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ဒေါ့မွန်အသင်းမှာမူ ဆာဟင်၊ ဟမ်မဲ၊ ခစ်တာယန် စသည့်ကစားသမားများကို အဓိက ပွဲထွက်ကစားစေခဲ့သည်။ ယင်းပွဲစဉ်တွင် အိမ်ရှင်ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲစပြီး ၃ မိနစ်တွင် ဂါရတ်ဘေးလ်သွင်းယူပေးခဲ့သည့် သွင်းဂိုးဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၂၇ မိနစ်တွင် ကွင်းလယ်ကစားသမား အစ္စကိုက ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့သည်။ သို့ရာတွင် ဒေါ့မွန်အသင်းမှာမူ ဘာနေဗျူးတွင် ချေပဂိုးရရှိရေး ရုန်းကန်ခဲ့သော်လည်း ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း၏ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်မှုကို ခံခဲ့ရသည်။

ထို့ပြင် ဒုတိယပိုင်း ၅၇ မိနစ်တွင် ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုက တစ်ဂိုးထပ်မံသွင်းယူပေးခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို သုံးဂိုးပြတ်အနိုင်ရလဒ်ထွက်ပေါ်ခဲ့သည်။ သို့သော် ဒေါ့မွန်အသင်းချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့ခြင်းမရှိခဲ့၍ ရီးယဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ယင်းပွဲစဉ်သည် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုအတွက် ပွဲ ၁၀၀ ပြည့်မြောက်သည့် ပွဲစဉ်ဖြစ်ပြီး ယင်းပွဲတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘောလုံးရာသီတစ်ရာသီတည်းတွင် သွင်းယူခဲ့သည့် ချန်ပီယံလိဂ်သွင်းဂိုး ၁၄ ဂိုးပြည့်မြောက်ခဲ့ပြီး ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးလီယွန်နယ်မက်ဆီနှင့် သွင်းဂိုးရရှိမှုတူညီလျက်ရှိသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဒေါ့မွန်အသင်းကို ပထမအကျော့တွင် သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ လေးနှစ်ဆက်တိုက်ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တက်လှမ်းနိုင်မည့် စံချိန်တစ်ရပ်လည်း ရရှိမည်ဖြစ်ပြီး ဒေါ့မွန်အသင်းမှာမူ ဒုတိယအကျော့အိမ်ကွင်းတွင် အကောင်းဆုံးရလဒ်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပါက ပြီးခဲ့သည့်နှစ်က ဗိုလ်လုပွဲသို့ တက်လှမ်းလာခဲ့သော်လည်း ယခုနှစ်တွင်မူ ကွာတားဖိုင်နယ်ဖြင့်ပင် ကျေနပ်ရဖွယ်ရှိနေသည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းရန်အတွက်မူ ဒုတိယအကျော့စတမ်းဖို့ဘရစ်ချ်၌ နှစ်ဂိုး-ဂိုးမရှိရလဒ်ဆောင်ကြဉ်းနိုင်မှသာ နောက်တစ်ဆင့်တက်လှမ်းရေးအတွက် အခွင့်အရေးရရှိမည်ဖြစ်သည်။ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

ငွေကြယ်

CAREER OPPORTUNITY: FOR JOINING LUXURY CAR OPERATION

No	Job Title	Experience	Age	Qualification	No of Requirement
1	Sales Manager	3 years experience in Sales and Team Management	between 25-50 years old	Any Graduate (or) Preferable for MBA/ BBA / DBA	1 person (Male / Female)
2	Sales Consultant	at least 2 years experience in related field	between 22-35 years old	Any Graduate	6 persons (Male / Female)
3	Parts Manager	at least 3 years experience in related field. Strong Knowledge of Parts, Logistics process and system	between 30-50 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	1 person (Male / Female)
4	Service Advisor	at least 2 years experience in related field	between 25-35 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	2 persons (Male / Female)
5	Service Technician	at least 2 years experience in related field. Basic Computer and English Speaking	between 22-35 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	10 persons (Male / Female)
6	Trainer	at least 3 years experience in related field. Good Teaching Skills person and Good Skill for English speaking, computer	between 30-50 years old	Any Graduate	2 persons (Male / Female)

Please send your CV, copy of degree certificate, NRC, Labour Registration card (if any) and recent (3) photos to:

Prestige Automobiles Co.,Ltd

No:42-47, Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar.

Tel : 09-49342295, 09-73065032

E-Mail: hr@pac-bmw.com

ဒိုင်နာယာဉ် အရှိန်လွန်တိမ်းမှောက်

ရန်ကုန် ဧပြီ ၃

မှော်ဘီမြို့နယ် အမှတ်(၄)လမ်းမကြီးအတိုင်း ရွှေပြည်သာမြို့နယ်မှ မှော်ဘီမြို့နယ်သို့ ဧပြီ ၁ ရက် ညနေ ၄ နာရီ ၅ မိနစ်က ယာဉ်မောင်း ဦးသာအောင် လိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ၄ခ/.... ဒိုင်နာအငှားယာဉ်သည် သဲဖြူကျေးရွာ မိုင်တိုင်အမှတ် (၇/၇)အနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ သစ်ပင်အား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်သွားသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးသွားပြီး ယာဉ်မောင်း ဦးသာအောင်တွင် ယာပါးပွန်းပဲ့၊ ဝဲမျက်ခုံးကွဲ၊ လည်ပင်းနာကျင်ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည် ခရမ်းမြို့နယ်နေ ဦးမောင်မောင်တွင် ယာမျက်ခွံစုတ်ပြဲ၊ ဝဲရင်ဘတ်စုတ်ပြဲ၊ ဝဲလက်မောင်းစုတ်ပြဲဒဏ်ရာများ ရရှိသဖြင့် မှော်ဘီမြို့နယ်ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ ဦးသာအောင်မှာ အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်လည်းကောင်း၊ ဦးမောင်မောင်မှာ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ်လည်းကောင်း ကုသလျက်ရှိသည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဦးသာအောင်အား မှော်ဘီမြို့မရဲစခန်းက ယာဉ်(ပ) ၁၅/ ၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောင်သူရ)

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လက်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့် ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များ အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန်နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင်အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF15+ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပ သက်သက် ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့် အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။ ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။ အပြင်ထွက်ရန် လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည် မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ၊ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားဥယျာဉ်အတွင်း သစ်ခိုးခုတ်သူများဟု သံသယရှိသူ ခြောက်ဦးအား အရေးယူ

ပုလဲ ဧပြီ ၃

ပုလဲမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများ လှည့်ကင်းဆောင်ရွက်စဉ် ဥယျာဉ်အတွင်း သစ်ခိုးခုတ်သူများဟု သံသယရှိသူ ခြောက်ဦးအား သက်ဆိုင်ရာ ချင်ပြစ်နယ်ရဲတပ်ဖွဲ့စခန်းက မတ် ၃၁ ရက် ည ၁၁ နာရီတွင် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက် ၈ နာရီ ၂၅ မိနစ်က ပုလဲမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများသည် ပုလဲမြို့နယ် ကျောက်ခွက်တောကြိုးဝိုင်းအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာတွင် နေထိုင်သူခြောက်ဦးအား တရားမဝင် သစ်ခိုးခုတ်နေသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မတ် ၃၁ ရက် ည ၁၁ နာရီခန့်တွင် တရားမဝင် သစ်ခိုးခုတ်သူများအား ချင်ပြစ်ကျေးရွာရဲတပ်ဖွဲ့စခန်းမှ (ပ) ၂၁/၂၀၁၄၊ သားရဲတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အက်ဥပဒေပုဒ်မ ၃၆(ခ)/၃၆(ဂ)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

တောမီးလောင်ရာမှ စိန်တလုံးသရက်ခြံနှင့် သစ်မွှေးစိုက်ခင်းများ မီးလောင်

ဟုမ္မလင်း ဧပြီ ၃

ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့သစ် အမှတ်(၁)ရပ်ကွက်နှင့် (၂)ရပ်ကွက်အနီး တောတန်း၌ မတ် ၃၀ ရက် မွန်းလွဲပိုင်းက တောမီးစတင်လောင်ကျွမ်းရာ စိန်တလုံးသရက်ခြံနှင့် သစ်မွှေးစိုက်ခင်းအချို့ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါတောမီးကြောင့် ဥယျာဉ်ခြံပိုင်ရှင်ခြောက်ဦး၏ စိန်တလုံးသရက်ခြံနှင့် သစ်မွှေးစိုက်ဧက ၃၉ ဧက မီးလောင်ဆုံးရှုံးခဲ့ပြီး ယခုနှစ်အတွင်း ရွှေပြည်အေးမြို့သစ်တွင် အကြီးမားဆုံး မီးလောင်ဆုံးရှုံးမှုဖြစ်ကြောင်း ရွှေပြည်အေးမြို့သစ်မှ ဒေသခံတစ်ဦးက ပြောပြသည်။

မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မီးစတင်လောင်ခဲ့ရာ ဟုမ္မလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ၊ ရွှေပြည်အေးမြို့သစ်ရဲကင်းမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများကဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၆ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(သံတိုင်ထွန်း)

စလင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုလဲ

စလင်း ဧပြီ ၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ဧပြီ ၂ ရက် ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် စလင်းမြို့အနောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ လင်ဇင်းကျေးရွာတွင် ဝါးထရံကာ၊ သက်ငယ်မိုး၊ ဝါးကြမ်းခင်း နေအိမ်ကိုးလုံး၊ စလင်းမြို့၏အနောက်ဘက် ၁၃ မိုင်ခန့်အကွာရှိ ပေါက်မကျေးရွာတွင် လူနေအိမ် သုံးလုံး၊ စလင်းမြို့၏အနောက်ဘက် ကိုးမိုင်ခန့်အကွာရှိ ဆည်ကန်ကျေးရွာတွင် လူနေအိမ် သုံးလုံး စုစုပေါင်းလူနေအိမ် ၁၆ လုံး ပြိုလဲပျက်စီးခဲ့သဖြင့် အဆိုပါနေအိမ်များမှ အိမ်ထောင်စုဝင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၏အစီအစဉ်ဖြင့် နီးစပ်ရာ ဆွေမျိုးသားချင်းများ၏နေအိမ်တွင် နေရာချထားပေးခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူ-စလင်း ကားလမ်းမိုင်တိုင်အမှတ်(၃၇/၀)တွင် ထနောင်းပင်လဲ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ မကျီးပင်ပုကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းရှင်းလင်းခဲ့ကြောင်း သိရပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❑

လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်

ပေါက် ဧပြီ ၃

ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ဧပြီ ၁ ရက် ညနေ ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဝင်းပေါက်ကျေးရွာအနီး တောင်ရိုးတွင် ဓာတ်တိုင် တစ်တိုင်၊ ရှခွကြီးကျေးရွာအနီးတွင် သစ်ပင် လေးပင်နှင့် ဓာတ်တိုင် တစ်တိုင်၊ သမားတော်ကျေးရွာအနီးတွင် ဓာတ်တိုင် တစ်တိုင်၊ တက်မတောင်ကျေးရွာ အနီးတွင် ဓာတ်တိုင်တစ်တိုင် စုစုပေါင်း သစ်ပင်လေးပင်နှင့် ဓာတ်တိုင် လေးတိုင်ပြိုလဲခဲ့ပြီး လျှပ်စစ်မီးများပြတ်တောက်ခဲ့၍ လျှပ်စစ်ဝန်ထမ်းများနှင့် ကျေးရွာသားများပူးပေါင်း၍ လိုက်လံပြုပြင်ဆောင်ရွက်လျက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူပျောက်



အထက်ပါဓာတ်ပုံရှင် ဦးတင်မောင်(ဘ)ဦးထွန်းကြည် မှတ်ပုံတင်အမှတ်-A/RGN-009657အသက်(၆၇)နှစ်သည် ၁၀-၃-၂၀၁၄ရက်တွင် ရန်ကုန်သစ် သုဝဏ္ဏနေအိမ်မှ မော်လမြိုင်မြို့သို့ သွားရာလမ်းတွင် ပျောက်ဆုံးနေပါသည်။ ဘယ်ဘက်ခြေထောက် မသန်စွမ်းပြီး ကျန်းမာရေးမကောင်းသူဖြစ်၍ တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးကြပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ သူငယ်ချင်းများထံရောက်နေလျှင်လည်း အမြန်ဆုံးအကြောင်းကြားပေးကြပါရန်။
ဖုန်း-၀၉-၇၃၁၈၀၄၆၁၊ ၀၉-၅၁၂၇၁၉၇၊ ၀၉-၅၁၆၆၉၀၇၊ ၀၉-၅၄၀၅၁၆၅၊ ၀၉-၇၃၀၁၇၉၅၆၊ ရွှေနှင်းဆီဥည့်ရိပ်သာ၊ 17A၊ နှင်းဆီလမ်း၊ မရမ်းကုန်း၊ မော်လမြိုင်မြို့။

[illegible]

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

2014 cEp/ jynaxmip\ tcetaumu\ Oya'
(2014 cep/ jynaxmipvwawmOya' trw 20 /)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့် စပ်လျဉ်း၍-

(ကက) ဤဥပဒေ ပုဒ်မ ၂၂ ပါ လစာမှ ဝင်ငွေနှင့် ပုဒ်မ ၂၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက် စေရမည်။

(ခခ) ကျန်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများကို ဆိုသည်။

(င) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(စ) **နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

အခန်း(၂)
ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

အခန်း(၃)
အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

အခန်း(၄)
သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

အခန်း (၅)
ကုန်သွယ်လုပ်ငန်းခွန်

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) မည်သူမဆို အောက်ဖော်ပြပါ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည်-

အထူးကုန်စည်များ

စဉ်	ကုန်စည်အမျိုးအမည်	အခွန်ရာခိုင်နှုန်း
၁	စီးကရက်။	၁၀၀
၂	ဆေးရွက်ကြီး။	၅၀
၃	ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။	၅၀
၄	ဆေးပေါ့လိပ်။	၅၀
၅	ဆေးပြင်းလိပ်။	၅၀
၆	ဆေးတံသောက်ဆေးများ။	၅၀
၇	ကွမ်းစားဆေးအမျိုးမျိုး။	၅၀
၈	အရက်အမျိုးမျိုး။	၅၀
၉	ဘီယာအမျိုးမျိုး။	၅၀
၁၀	ဝိုင်အမျိုးမျိုး။	၅၀
၁၁	ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။	၂၅
၁၂	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။	၃၀
၁၃	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ် ရတနာများ။	၁၅
၁၄	၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကားများ၊ ကူပေး(Coupe)ကားများ။	၂၅
၁၅	ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။	၁၀
၁၆	သဘာဝဓာတ်ငွေ့။	၈

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းမှ ရောင်းရငွေ အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် -

စဉ်	ကုန်စည်အမျိုးအမည်
၁	စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။
၂	ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။
၃	ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။
၄	ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။
၅	မြေပဲတောင့်၊ မြေပဲဆန်။
၆	နှမ်း၊ ပန်းနှမ်း။
၇	မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။
၈	ဆီအုန်း။
၉	ဝါအမျိုးမျိုး။
၁၀	ဂုန်လျှော်နှင့်အခြားလျှော်များ။
၁၁	ကြက်သွန်ဖြူ၊ ကြက်သွန်နီ။
၁၂	အာလူး။
၁၃	ပီလောပီနံဥ၊ ပီလောပီနံမှုန့်။
၁၄	ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။
၁၅	သစ်သီးစိမ်းအမျိုးမျိုး။
၁၆	ဟင်းသီးဟင်းရွက်များ။
၁၇	ကြံ။
၁၈	ပိုးစာရွက်။
၁၉	ပရဆေးပင်။
၂၀	လယ်ယာကိုင်းကျွန်းထွက် ကျွဲနွားစာ အစို၊ အခြောက်။
၂၁	အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိစသောလယ်ယာကိုင်းကျွန်းထွက်ကုန်များ
၂၂	ထင်း၊ ဝါး။
၂၃	သက်ရှိတိရစ္ဆာန်များ။
၂၄	ပိုးအိမ်။
၂၅	ကြိမ်အကြမ်းအချော။
၂၆	ပျားရည်၊ ပျားဖယောင်း။
၂၇	ချိပ်များ။
၂၈	မြေပဲဖတ်၊နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။
၂၉	ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာမှုန့်။
၃၀	အရောင်ချွတ်ဖတ်။
၃၁	ဖန်ပြီးဝါ။
၃၂	အုန်းဆံချည်ခင်။
၃၃	ငှက်မွေး၊ ဘဲမွေး။
၃၄	ထီးပိတ်များ။
၃၅	တံဆိပ်ခေါင်းအမျိုးမျိုး။
၃၆	ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။
၃၇	ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။
၃၈	မှျင်ငါးပိ။
၃၉	ပုစွန်ငံပြာရည်၊မှျင်ငံပြာရည်၊ ငါးငံပြာရည်။
၄၀	ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ အခြားစားသုံးဆီနှင့်ဆီအခဲများ။
၄၁	ငါးစို၊ ပုစွန်စို၊ အသားစို။
၄၂	နို့၊ နို့မှုန့်အမျိုးမျိုး။
၄၃	ငရုတ်သီး၊ ငရုတ်သီးမှုန့်။
၄၄	နနွင်း၊ နနွင်းမှုန့်။
၄၅	ချင်း။
၄၆	ငါးငါးပိ။
၄၇	မန်ကျည်းမှည့်။
၄၈	နိုင်ငံတော်အလံ။
၄၉	စိပ်ပုတီးအမျိုးမျိုး။
၅၀	ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။
၅၁	ထင်းအစားထိုး လောင်စာတောင့်။
၅၂	အုန်းဆီ။
၅၃	ကြက်ဥ၊ဘဲဥစသည့် ဥအမျိုးမျိုး။
၅၄	ဖရုံစေ့၊ ဖရဲစေ့။
၅၅	ဘာသာရေးဆိုင်ရာ အဝတ်အထည်(သင်္ကန်းစသည်ဖြင့်)။
၅၆	ရေနံချေး။
၅၇	ဆား။
၅၈	ကြက်ပေါင်စေး။
၅၉	ကွမ်းသီး။
၆၀	ကွန်ပျူတာ(Computer)၊ တယ်လီဖုန်းဟန်းဆက်(Telephone Handset)။

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှအပ အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (ခ)ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှ တင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုတင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ အလားတူ အဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ၊ သို့ရာတွင် ကုန်စည်ကိုဆက်လက်ဝယ်ယူရောင်းချသည့်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်-

(၁) စီးကရက်၊
(၂) ဆေးရွက်ကြီး၊
(၃) ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး၊
(၄) ဆေးပေါ့လိပ်၊
(၅) ဆေးပြင်းလိပ်၊
(၆) ဆေးတံသောက်ဆေးများ၊
(၇) ကွမ်းစားဆေးအမျိုးမျိုး၊
(၈) အရက်အမျိုးမျိုး၊
(၉) ဘီယာအမျိုးမျိုး၊
(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ပါအခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်-

စဉ်	ဝန်ဆောင်မှုအမျိုးအစားများ
၁	အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။
၂	ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။
၃	အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။
၄	အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၅	ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၆	ပညာရေးဝန်ဆောင်မှုလုပ်ငန်း။
၇	ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။
၈	အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။
၉	ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၀	အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၁၁	ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၁၂	သားသတ်လိုင်စင်ရယူဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်း။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

စဉ်	ဝန်ဆောင်မှုအမျိုးအစားများ
၁၃	ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ။
၁၄	နာရေးကူညီမှုဝန်ဆောင်မှုလုပ်ငန်းများ။
၁၅	ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၆	ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၇	မြန်မာ့ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။
၁၈	နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၁၉	လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။
၂၀	တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၂၁	အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၂၂	ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း။
၂၃	ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။
၂၄	သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်း။
၂၅	နည်းပညာနှင့် စီမံရေးရာ အကြံပေးအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်း။
၂၆	အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့်ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်-

စဉ်	ကုန်စည်အမျိုးအစား	အခွန် ရာခိုင်နှုန်း
(က)	ရေနံစိမ်း။	၅
(ခ)	သဘာဝဓာတ်ငွေ့။	၈
(ဂ)	ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။	၅၀
(ဃ)	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်၊ နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။	၃၀
(င)	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက် ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။	၁၀

၁၅။ ဤဥပဒေ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက် ပုဒ်မ ၁၄ ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၁၇။ ပြည်တွင်း၌ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားလုပ်ငန်းရှင် သို့မဟုတ် တိုင်းရင်းသားလုပ်ငန်းရှင်များပိုင်ဆိုင်သည့် ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများနှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ထုတ်လုပ်ရောင်းချသည့် ကုန်စည်များအနေဖြင့် ဈေးကွက်အတွင်း ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်များနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးကို အားပေးသည့်အနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်ရမည့် ကုန်စည်များအတွက် ၂ ရာခိုင်နှုန်းသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရန် သက်သာခွင့်ပြုသည်။

၁၈။ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

စဉ်	ကုန်စည်အမျိုးအစား
၁	ဓာတ်မြေဩဇာ။
၂	ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။
၃	လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းများ။
၄	ငါးအစာ၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။
၅	တိရစ္ဆာန်အစာကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။
၆	တိရစ္ဆာန်သုံး ဆေးဝါးများ။
၇	မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။
၈	ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel,Solar Charger Controller and Solar Inverter)။
၉	ဓာတ်မှတ်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ။
၁၀	ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။
၁၁	အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့် ကန့်သတ်ထားသောလူသုံးဆေးဝါးများမှအပ)။
၁၂	ဆေးဝါးကုန်ကြမ်းများ။
၁၃	ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။
၁၄	ခဲတံလုပ်ရန်ခဲဆံ။
၁၅	ကွန်ဒုံး (Condom)။
၁၆	ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံး ပစ္စည်းနှင့် ပစ္စည်းကိရိယာများ။
၁၇	နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။
၁၈	သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။

၁၉။ အောက်ဖော်ပြပါ ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုရမည်-

စဉ်	အကြောင်းအရာ
၁	ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ၊ စစ်လက်နက်ကိရိယာများ၊ အပိုပစ္စည်းများ၊ မော်တော်ယာဉ်များ။
၂	ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချရန်ပစ္စည်းများ။
၃	နှစ်နိုင်ငံအကြားအပြန်အလှန်အခွင့်အရေးမှုနှင့် အကျုံးဝင်သည့်နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုရန်အတွက် တင်သွင်းသည့် မော်တော်ယာဉ်များ။
၄	ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။
၅	လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန်ကုန်စည်များ၊ အဆိုပါ ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ။
၆	စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။

၂၀။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ရောင်းချသော ဂျက်လေယာဉ်ဆီများ ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအတွက် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရန် သက်သာခွင့်ပြုသည်။

၂၁။ ဤဥပဒေ၏ အခန်း (၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၆)
ဝင်ငွေခွန်

၂၂။ မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

အမှတ်စဉ်	သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
(က)	၁	၂၀၀၀၀၀၀	၀ ရာခိုင်နှုန်း
(ခ)	၂၀၀၀၀၀၁	၅၀၀၀၀၀၀	၅ ရာခိုင်နှုန်း
(ဂ)	၅၀၀၀၀၀၁	၁၀၀၀၀၀၀၀	၁၀ ရာခိုင်နှုန်း
(ဃ)	၁၀၀၀၀၀၀၁	၂၀၀၀၀၀၀၀	၁၅ ရာခိုင်နှုန်း
(င)	၂၀၀၀၀၀၀၁	၃၀၀၀၀၀၀၀	၂၀ ရာခိုင်နှုန်း
(စ)	၃၀၀၀၀၀၀၁ နှင့်	အထက်	၂၅ ရာခိုင်နှုန်း

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့် ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေအရ သက်သာခွင့်များ မနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ ပြည်ပနေနိုင်ငံခြားသား၏ စုစုပေါင်း ဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ဝင်ငွေကို နိုင်ငံခြားငွေဖြင့်ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ ကင်းလွတ်နေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ် ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက်တစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိစေရမည်ဖြစ်ပြီး အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် အောက်ပါအခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ ဝင်ငွေရလမ်းတင်ပြနိုင်သော ဝင်ငွေအပေါ်အခွန် စည်းကြပ်ရန်မလို။

	ဝင်ငွေ (ကျပ်)			ဝင်ငွေခွန်နှုန်း
(က)	၁	-	၅၀၀၀၀၀၀၀	၃ %
(ခ)	၅၀၀၀၀၀၀၁	-	၁၅၀၀၀၀၀၀၀	၁၀ %
(ဂ)	၁၅၀၀၀၀၀၀၁	-	၃၀၀၀၀၀၀၀၀	၂၀ %
(ဃ)	၃၀၀၀၀၀၀၀၁ နှင့်အထက်			၃၀ %

၂၇။ သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင်အမြတ် ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၉။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများက ကုမ္ပဏီရှိအစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများ စသည့် အခြေပစ္စည်းများကို ရောင်းချခြင်းမှ ဖြစ်ထွန်းပေါ်ပေါက်သည့် အခြေပစ္စည်းမှ မြတ်စွန်းငွေမှအပ ပုဂ္ဂလိက၊ သမဝါယမအသင်းနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ၄၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများ စသည့် အခြေပစ္စည်းများကို မည်သည့်နည်းလမ်းဖြင့်မဆို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကြောင့် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်လျှင် အောက်တွင် မြတ်စွန်းငွေနှင့်ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်-

	မြတ်စွန်းငွေ	ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း
(က)	ညီမျှကျပ် သန်းပေါင်း(၁၀၀၀၀၀)အထိ	၄၀ %
(ခ)	ညီမျှကျပ် သန်းပေါင်း (၁၀၀၀၀၁) မှ (၁၅၀၀၀၀) အထိ	၄၅ %
(ဂ)	ညီမျှကျပ် သန်းပေါင်း (၁၅၀၀၀၁)နှင့်အထက်	၅၀ %

၃၁။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၃၂။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား လုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်အထိ ဝင်ငွေကျပ်သိန်း ၅၀ ထက်မပိုလျှင် ဝင်ငွေခွန် ပေးဆောင်ခြင်းမပြုရ။

၃၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ် သိန်း ၁၀၀ ထက် မပိုစေရ။

၃၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)အရ တစ်ဦးချင်း ပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည်-

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၅ သိန်း၊

(ခ) သားသမီးတစ်ဦးလျှင် ကျပ် ၃ သိန်းစီ။

၃၅။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်များမှ နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့် လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၆။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်း ဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၅၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူး တံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊

(ဃ) ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်းတစ်ခုခုက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုရန် လှူဒါန်းခြင်းမှ ရရှိသည့်ဝင်ငွေ။

၃၇။ ဤဥပဒေ အခန်း(၆)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း(၇)
အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(စ) အကောက်ခွန်၊
(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဇ) ရေခွန်၊
(ဈ) တာတမံခွန်၊
(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဌ) အင်းအိုင်ခွန်၊
(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊
(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊
(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊
(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

အခန်း(၈)

အထွေထွေ

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ ယင်းအချက်များကို ခံစားနိုင်ရန်အတွက် အခွန်ကောက်ခံရာတွင်လည်း ပြည်သူများအား ရှင်းလင်းပြောကြား သက်သာခွင့်ပြုခြင်း၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

2014-2015 c b@ma&;Ep
jynaxmip\ tcetaumurm; aumuc&ervvmxm;cu

ကျပ်သန်းပေါင်း

အမှတ်စဉ်		ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ	အကြောင်းအရာ	၂၀၁၄-၂၀၁၅ ခန့်မှန်းခြေ
၁			**ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်**	**၁၄၆၄၄၈၇. ၇၇၄**
	၁	ပြည်ထဲရေးဝန်ကြီးဌာန	ယစ်မျိုးခွန်၊	၉၃၄. ၈၃၃
	၂	ဘဏ္ဍာရေးဝန်ကြီးဌာန	ကုန်သွယ်လုပ်ငန်းခွန်၊	၁၂၉၁၀၈၂. ၂၃၇
	၃	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	သွင်းကုန်အတွက်လိုင်စင်ခများ၊	၈၀၀၀. ၀၀၀
	၄	ဘဏ္ဍာရေးဝန်ကြီးဌာန	မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊	၂၈၀၀၀. ၄၁၀
	၅	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	သယ်ယူပို့ဆောင်ရေးအခွန်၊	၁၀၅၄၇၀. ၂၉၄
	၆	ဘဏ္ဍာရေးဝန်ကြီးဌာန	တံဆိပ်ခေါင်းခွန်၊	၃၁၀၀၀. ၀၀၀
၂			**ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက်**	**၁၆၆၄၉၃၂. ၇၂၉**
	၁	ဘဏ္ဍာရေးဝန်ကြီးဌာန	ဝင်ငွေခွန်၊	၁၆၆၄၉၃၂. ၇၂၉
၃			**အကောက်ခွန်**	**၁၉၀၀၀၀. ၀၀၀**
	၁	ဘဏ္ဍာရေးဝန်ကြီးဌာန	အကောက်ခွန်။	၁၉၀၀၀၀. ၀၀၀
၄			**နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	**၁၅၇၁၁၆၀. ၄၄၀**
	၁	ပြည်ထဲရေးဝန်ကြီးဌာန	မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊	၀. ၈၉၀
	၂	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ရေခွန်၊	၁၀၁၆. ၅၄၃
	၃	ပြည်ထဲရေးဝန်ကြီးဌာန	တာတမံခွန်၊	၀. ၀၂၅
	၄	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်၊	၁၈၄၈. ၀၆၁
	၅	ပြည်ထဲရေးဝန်ကြီးဌာန	ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်၊	၇. ၄၅၀
	၆	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန	အင်းအိုင်ခွန်၊	၁၀၈၃. ၇၀၀
	၇	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	ကြက်ပေါင်စေးအပေါ်တွင်ကောက်ခံသည့်အခွန်၊	၀. ၅၀၀
	၈	စွမ်းအင်ဝန်ကြီးဌာန	ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်၊	၃၂၉၃၄၃. ၂၇၁
	၉	သတ္တုတွင်းဝန်ကြီးဌာန	ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊	၁၄၀၀. ၀၀၀
	၁၀	ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန	ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အကောက်၊	၁၂၂၅၀၀၀. ၀၀၀
	၁၁	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်အကောက်၊	၁၁၄၆၀. ၀၀၀
			စုစုပေါင်း	**၄၈၉၀၅၈၀. ၉၄၃**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါ သည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကိုချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

ကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လူပျောက်

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများနှင့် အကျဉ်းထောင်များ ကြည့်ရှု

ကျောက်ဆည်၊ မေ ၃

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းသည် ကျောက်ဆည်ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီး၊ ကျောက်ဆည်မြို့နယ်တရားသူကြီး၊ မြစ်သားမြို့နယ် တရားသူကြီး၊ တံတားဦးမြို့နယ်တရားသူကြီး၊ စဥ့်ကိုင်မြို့နယ်တရားသူကြီးများ လိုက်ပါလျက် မတ်လနောက်ဆုံးရက်သတ္တပတ်အတွင်းက ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့အချုပ်စခန်း၊ မြစ်သားမြို့နယ်ရဲတပ်ဖွဲ့အချုပ်စခန်း၊ တံတားဦးမြို့နယ် ရဲတပ်ဖွဲ့အချုပ်စခန်း၊ စကားအင်းအမြန်လမ်း ရဲတပ်ဖွဲ့အချုပ်စခန်းနှင့် စဥ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ အချုပ်စခန်းများရှိ အမှုစစ်ဆေးဆဲ အချုပ်တရားခံများအား တစ်ဦးချင်းစီတွေ့ဆုံ၍ မှုခင်းများကို သက်ဆိုင်ရာတရားရုံးများမှ စစ်ဆေးနေမှုအခြေအနေများ၊ စားသောက်နေထိုင်ရေးအခြေအနေများ၊ ကျန်းမာရေးအခြေအနေများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် စဥ့်ကိုင်မြို့နယ် ဘဲလင်း (၁) နှင့် (၂) ကျောက်ထုတ်စခန်းများသို့ သွားရောက်စစ်ဆေးပြီး အကျဉ်းထောင်များအတွင်း အကျဉ်းသားများ၏ ကျန်းမာရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် နေထိုင်ရေး အစီအမံများ၊ ကျောက်ထုတ်လုပ်နေမှု အခြေအနေများကိုလည်း ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းသားများအားတွေ့ဆုံ၍ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခြင်း ရှိ-မရှိ၊ ညှင်းပန်းနှိပ်စက်မှုများ ရှိ-မရှိ၊ နေထိုင်စားသောက်ရေး အဆင်ပြေ-မပြေ၊ သောက်သုံးရေနှင့် ချိုးရေများ လုံလောက်စွာ သုံးစွဲနိုင်ခြင်း ရှိ-မရှိနှင့် ကျန်းမာရေးအတွက် ဆောင်ရွက်ပေးထားမှု အခြေအနေများကို မေးမြန်း၍ တင်ပြချက်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည့်အပြင် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်များ၊ စာကြည့်ဆောင်များနှင့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

သန်လျင်မြို့ မြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

ရန်ကုန်၊ မေ ၃

ရန်ကုန်တောင်ပိုင်းခရိုင် ၊ သန်လျင်မြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို မေ ၂ ရက် နံနက် ၁၁ နာရီတွင် မြို့မဈေးကြီး၌ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါလေ့ကျင့်မှုကို ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရဲမင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မိုးရွှေ၊ ဒု-ဦးစီးမှူး(ဈေး) ဦးကျော်စိုးမိုးနှင့်ဝန်ထမ်းများ၊ ဈေးမိဈေးဖအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့မဈေးကြီးအတွင်း ဆိုင်ခန်းများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

သတင်းတို

မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းလုပ်ငန်း သင်တန်းဖွင့်

မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို မတ် ၃၁ ရက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာအောင်မြင့်ဦး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဇော်တို့က ကဏ္ဍအလိုက်အသီးသီး ရှင်းလင်းတင်ပြခဲ့ကြသည်။ သင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

၄၆၅

ကုန်စည်စီးဆင်းမှုလွယ်ကူစေရန် ကျောက်ဆည်မြို့နယ်ရှိ ပန်းလောင်မြစ်ကူးတံတားကြီးအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်

ကျောက်ဆည်၊ မေ ၃

ကျောက်ဆည်မြို့နယ်ရှိ ပန်းလောင်မြစ်ကူးတံတားကြီးအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျပ်သိန်း ၁၄၀ ထောက်ပံ့မှု၊ ဒေသခံပြည်သူများ၏ လုပ်အားဒါနနှင့် ငွေကျပ် ၁၆၅ သိန်း ထည့်ဝင်လှူဒါန်းမှုနှင့်အတူစုစုပေါင်း ကျပ် ၃၀၅ သိန်းဖြင့် သံရက်မ၊ သံကူကွန်ကရစ်ခင်း တံတားကြီးအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံ ငွေ နှင့် ကျေးရွာပြည်သူများမှ လှူဒါန်းမှုများဖြင့် တည်ဆောက်ထားသော ကျောက်ဆည်မြို့နယ် ငယ်တိုးကျေးရွာနှင့် သင်ပျိုကျေးရွာတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သင်ပျိုကျေးရွာ ပန်းလောင်မြစ်ကူး ကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၈ နာရီက အဆိုပါ တံတားမုခ်ဦးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းလောင်မြစ်ကူး ကွန်ကရစ်တံတားဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်၊ ကျောက်ဆည်မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် ခရိုင်အဆင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့သည့်အပြင် ဒေသခံပြည်သူများနှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့များလည်း တက်ရောက်ခဲ့ကြသည်။

ယင်းတံတားကြီးမှာ ၁၉၉၂ ခုနှစ်တွင် သစ်သားတံတားအဖြစ် တည်ဆောက်ခဲ့ပြီး အချိန်ကာလကြာမြင့်လာခြင်း၊ မြစ်ရေတိုက်စားပျက်စီးမှုတို့ကြောင့် တံတားတိုင်များကျွံလာခြင်း၊ သစ်သားရက်မများ ပျက်စီးလာခြင်း၊ ကြမ်းခင်းများ ပျက်စီးလာခြင်းတို့ကြောင့် ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် ရေလယ်တိုင်များကို ငုံ၍ ကွန်ကရစ်လောင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးသဖြင့် ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်ခြင်း၊ ကျေးလက်ထုတ်ကုန်ပစ္စည်းများ လွယ်ကူစွာ စီးဆင်းနိုင်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းကိုလည်း ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပန်းလောင်မြစ်ကူးတံတားကြီး ဖွင့်လှစ်ပွဲမှ ဒေသခံပြည်သူများကို တွေ့ရစဉ်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

MICO
T-SHIRT= 650Ks
01-430916, 09-33337126,09-5141086,,09-73244061

ကြော်ငြာစာ

ကြော်ငြာစာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြော်ငြာစာ

ကြော်ငြာစာ

မိတ္ထီလာတွင် တရားဝင် မော်တော်ဆိုင်ကယ် ယာဉ်လိုင်စင်များ တစ်နေ့ အစီး ၁၀၀ ကျော် ပြုလုပ်လျက်ရှိ

မိတ္ထီလာ၊ ဧပြီ ၃

မိတ္ထီလာတွင် တရားမဝင် မော်တော်ဆိုင်ကယ်များအား ရုံးဖွင့်ရက်များတွင် နေ့စဉ်တရားဝင် ယာဉ်လိုင်စင်များပြုလုပ်ပေးလျက်ရှိရာ နေ့စဉ် ပျမ်းမျှ အစီး ၁၀၀ ခန့် ပြုလုပ်ပေးနိုင်ပြီး ယခုအချိန်ထိ မော်တော်ဆိုင်ကယ် အစီးရေ ၂၀၀၀ ကျော်အား တရားဝင် ယာဉ်လိုင်စင်များ ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ဧပြီ ၂ ရက်က မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက မိတ္ထီလာမြို့ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ကညန)ရုံးတွင် ဒေသခံပြည်သူများ၏ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးနေသည့်နေရာသို့ သွားရောက် ကြည့်ရှုခဲ့ကြောင်းလည်း သိရသည်။

မိတ္ထီလာမြို့ (ကညန)ရုံးတွင် တရားဝင်မော်တော်ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးနေသည်ကိုတွေ့ရစဉ်။

တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးသည့် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ကညန၊ အခွန်ဦးစီးဌာန၊ အာမခံဌာန၊ မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများနှင့် ယာဉ်လိုင်စင်လာရောက်ပြုလုပ်သည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ ရှိ-မရှိ၊ တစ်နေ့တာ လိုင်စင် လာရောက်ပြုလုပ်သည့် ဆိုင်ကယ် အရေအတွက်နှင့် ယနေ့အချိန်ထိ ယာဉ်လိုင်စင် ပြုလုပ်ပေးပြီး အရေအတွက်တို့ကို မေးမြန်းခဲ့ကြောင်း သိရသည်။

ယခုတစ်ကြိမ် တရားမဝင်မော်တော်ဆိုင်ကယ်များအား တရားဝင် ယာဉ်လိုင်စင် ပြုလုပ်ပေးခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ယာဉ်လိုင်စင်ပြုလုပ်ဆောင်ရွက်ပေးပြီးနောက် တရားမဝင် မော်တော်ဆိုင်ကယ်များ စီးနင်းသည်ကို စစ်ဆေးတွေ့ရှိပါက ယာဉ်များကို သိမ်းဆည်းပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တရားဝင် မော်တော်ဆိုင်ကယ် ယာဉ်လိုင်စင်များ ပြုလုပ်ပေးရာတွင် ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့ပါက တင်ပြနိုင်ကြောင်း တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ချမ်းသာ(မိတ္ထီလာ)

မြန်အောင်–ရန်ကုန်ခရီးသည်တင်အဝေးပြေး ကားခစျေးနှုန်းများ သင်္ကြန်ရက်မတိုင်မီ မြင့်တက်

မြန်အောင်၊ ဧပြီ ၃

သင်္ကြန်ရက်နှင့် နီးလာ၍ ရန်ကုန်မှ မြန်အောင်သို့ပြန်သော ခရီးသည်များ အဆင်ပြေစေရန် ခရီးသည်တင်အဝေးပြေးယာဉ်များ၏ယာဉ် ထွက်ခွာချိန်များနှင့် ယာဉ်များ တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ယာဉ်စီးခနှုန်းထားများကိုလည်း တိုးမြှင့်ထားကြောင်း သိရသည်။

အဝေးပြေးယာဉ်လိုင်းကားပိုင်ရှင်တစ်ဦးက “ခုသင်္ကြန်မတိုင်ခင် ရန်ကုန်ကနေ နယ်ကို ပြန်တဲ့ ခရီးသည်ပဲရှိတယ်။ နယ်ကနေရန်ကုန်ကိုသွားတဲ့ ခရီးသည်မရှိဘူး။ ကျွန်တော်တို့တွေ အပြန်တစ်ကြောင်းပဲရတော့ ခရီးသည်လည်း အဆင်ပြေအောင်၊ ကိုယ့်မြို့ကိုယ်လည်းပြန်ဖို့ အခက်အခဲမဖြစ်အောင် စီစဉ်ပေးကြတာပါ။ သင်္ကြန်ကျော်သွားပြန်တော့ နယ်ကနေ ရန်ကုန်ကို သွားတဲ့ခရီးသည်ပဲရတယ်။ ဒါကြောင့် အားလုံးအဆင်ပြေအောင် ကားခစျေးနှုန်းတွေ တက်ရတာပါ” ဟု ရှင်းပြသည်။

ယခုအခါ ကားခစျေးနှုန်းများမှာ ပုံမှန်အတိုင်းဖြစ်သော်လည်း ဧပြီ ၅ ရက်မှစတင်ကာ ကားခစျေးနှုန်းများတက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မှ ရန်ကုန်သို့ပြေးဆွဲနေသောခရီးသည်တင်ယာဉ်လိုင်းများဖြစ်သည့် ဧရာသစ္စာ၊ ရိုးမ၊ ကနောင်မင်းသားနှင့် အောင်ကျော်မိုး ယာဉ်လိုင်းများသည် ပုံမှန်စျေးနှုန်းဖြစ်သော ခရီးသည်တစ်ဦးလျှင် ကျပ် ၅၅၀၀ ဖြင့် ရောင်းချပြေးဆွဲလျက်ရှိကြောင်းသိရသည်။

နေဝင်းဇော်(မြန်အောင်)

သတင်းတို

တပ်ပိုင်သောင်ထွန်းမြေများကို စွန့်လွှတ်လွှဲပြောင်း၍ တောင်သူများအား လယ်ယာလုပ်ကိုင်ခွင့်ပေး

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဆားတိုင်မွတ်ကျေးရွာ မြက်စိမ်းသောင်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် (စခန်းရုံး)ပိုင် သောင်ထွန်းမြေ ၁၂၅ ဧကကို စွန့်လွှတ်လွှဲပြောင်းပြီးဖြစ်၍ လက်ရှိလုပ်ကိုင်လျက်ရှိသော ဦးလှမြိုင်နှင့် တောင်သူငါးဦးက စပါးစိုက်ပျိုးရန်အတွက် လုပ်ပိုင်ခွင့်လျှောက်ထားလာသဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အစည်းအဝေး အမှတ်စဉ်(၉/၂၀၁၄)ဆုံးဖြတ်ချက် အပိုဒ်(၄) အပိုဒ်ခွဲ(က)အရ မတ် ၂၁ရက်တွင် လယ်ယာလုပ်ကိုင်ခွင့်ပြုခဲ့သည့်အတွက် တောင်သူများ ဝမ်းသာလျက်ရှိကြောင်းသိရသည်။

မျိုးမင်းထွန်း(ကော့မှူး)

ယင်းမာပင်မြို့တွင် သက်ပြည့်ပင်စင်အငြိမ်းစားများကို WCDMA တန်ဖိုးနည်းဖုန်းများ မဲစနစ်ဖြင့် ရောင်းချ

ယင်းမာပင်၊ ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်တွင် တတိယအကြိမ် သက်ပြည့် (သက်ရှိ) ပင်စင်အငြိမ်းစားများအား တန်ဖိုးနည်း ကျပ် ၁၅၀၀ တန် WCDMA ဖုန်းကတ် ၅၈ ခုကို ဧပြီ ၁ ရက် မွန်းလွဲ ၃ နာရီက ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင် ငါးဦးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လစဉ်မဲစနစ်ဖြင့် ခွဲဝေပေးပြီး မြို့နယ်ဆက်သွယ်ရေးရုံးမှ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ပေးပို့သောစာရင်းအရ ပင်စင်အငြိမ်းစား စုစုပေါင်း ၆၈၆ ဦး ရှိသည့်အနက် ဇန်နဝါရီလတွင် ပထမအကြိမ် ၅၈ လုံး၊ ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် ၅၈ လုံး၊ မတ်လတွင် တတိယအကြိမ် ၅၈ လုံး စုစုပေါင်း ၁၇၄ လုံးကို သက်ပြည့် (သက်ရှိ) ပင်စင်အငြိမ်းစား ၁၇၄ ဦးထံသို့ ရောင်းချပေးနိုင်ကြောင်း မြို့နယ်ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

သက်ပြည့်(သက်ရှိ) ပင်စင် အငြိမ်းစား ဦးမြင့်က“နိုင်ငံတော်က ကျွန်တော်တို့လို ပင်စင်အငြိမ်းစားများကို တန်ဖိုးနည်း WCDMA ကျပ် ၁၅၀၀ တန် ဖုန်းတွေကိုင်နိုင်အောင် ရောင်းချပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သားသမီးတွေ ဆွေမျိုးတွေနဲ့ သာကြောင်းမာကြောင်းလေး အချိန်မရွေး ပြောလို့ရတဲ့ အပြင် ခေတ်နဲ့အညီ နည်းပညာတွေကို အင်တာနက်ကတစ်ဆင့် သတင်းများလည်း ကြည့်ရှုလေ့လာခွင့်ရလို့ ဝမ်းသာမိပါတယ်။ အခုလို မဲနစ်နဲ့ ဖုန်းတွေကို သမာသမတ်ရှိရှိ ချပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဖုန်းပေါက်တဲ့ ပင်စင်အငြိမ်းစားများလည်း ဦးတို့လိုပဲ ဝမ်းသာပျော်ရွှင်မှုတွေ ထပ်တူခံစားကြပါတယ်။ ဖုန်းမပေါက်သေးတဲ့ ပင်စင်အငြိမ်းစားတွေကလည်း နောက်တစ်ကြိမ် မဲဖောက်ရင် ဖုန်းကတ်ရဖို့ မျှော်လင့်နေပါတယ်” ဟု ပြောကြားသည်။

ထွန်းကိုကို(ယင်းမာပင်)

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ယုဇနပလာဇာ–ယဉ်ယဉ်မိသားစု
အဆင့်မြင့်သင်္ကြန်ခရီးစဉ် ဧရိုဟ်ငြိမ်း - 170000 Ks
မြဝတီ-မဲဆောက်-ဖဒေါ-မော်လမြိုင် - April 12 to 16
Ph - 200747 - [1315,1325], 09-73009841
ယုဇနပလာဇာမြေညီ - L7 M10-M11 ဦးတင်ဝင်းကျော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သန်းခေါင်စာရင်းကောက်ယူမှု ရာနှုန်းပြည့်အောင်မြင်

ရန်ကုန်၊ မေ ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရာ သုံးရက်အတွင်း လူဦးရေပေါင်း သိန်း ၂၀ ကျော် ကောက်ယူနိုင်ခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းမှာ ရာနှုန်းပြည့်နီးပါး အောင်မြင်လျက်ရှိကြောင်း ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးကြည်လင်းက ပြောကြားသည်။

"သန်းခေါင်စာရင်းကောက်ယူရာမှာ ကျန်တဲ့အခက်အခဲ ကြီးကြီးမားမား တော့မရှိဘူး။ စာရင်းကောက်မယ့် ဆရာ၊ ဆရာမတွေထဲက တချို့ ခရီးသွားတာ နေမကောင်းတာ၊ တိုက်အမြင့်တက်ရတာ အဲဒါတွေ လောက်ပဲရှိတယ်။ ကောက်ယူတဲ့ အပိုင်းမှာ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ပါတယ်။ တချို့အိမ်တွေဆို လာကောက်တဲ့ ဆရာမတွေကို အချိုရည်၊ မုန့်ပဲသရေစာတွေ ကျွေးမွေးဧည့်ခံပြီး အချိန်ပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတယ် ရာနှုန်းပြည့်အောင်မြင်ပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း တစ်သောင်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားရေးတာဝန်ဖြစ်သည့်လုပ်ငန်းကို ယခုလို ပူးပေါင်းပါဝင် ဆောင်ရွက်သည့်အတွက် အောင်မြင်နိုင်မည်ဟု ၎င်းက ထပ်မံရှင်းပြသည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား သင်တန်းများ ဖွင့်လှစ်၍ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့်အတူ လိုက်လံ ကောက်ယူလျက်ရှိနေကြောင်း သိရသည်။

မတ် ၃၀ ရက်မှ မေ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူမည့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များကိုနိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပညာရှင်များဖြင့် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၆ သန်းကျော် အကုန်ကျခံ ကောက်ယူခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါသန်းခေါင်စာရင်းအစီရင်ခံစာကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ပြီး အပြီးသတ်သန်းခေါင်စာရင်းဆိုင်ရာစာရင်းဇယားများကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်အတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်ဦး**

စစ်ကိုင်းမြို့၌ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်း

စစ်ကိုင်း၊ မေ ၃

စစ်ကိုင်းမြို့၌ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲတွင် ကျောင်းသား၊ ကျောင်းသူလေးများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ အာဟာရဒါနများ ကျွေးမွေးသည့် အခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက လေးကျွန်းမြေအုဌ်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လေးကျွန်းမြေအုဌ်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပ္ပိယာ လက်ာရအမှူးပြုသော စာသင်စာချဆရာတော်များနှင့် အလှူရှင်များ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူ ၄၈၉ ဦး တတ်ရောက်ခဲ့သည်။

ယင်းအခမ်းအနားတွင် ဆရာတော်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ပထမ၊ ဒုတိယ၊ တတိယဆုနှင့် စာစီစာကုံး၊ လူရည်ချွန်၊ စည်းရုံးရေး၊ အနုပညာနှင့် ဖွဲ့ဆုများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းအား မတ် ၁၃ ရက်မှ မတ် ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့် အဖွဲ့ဝင်များ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက တတ်ရောက်လာသူများကို မျက်နှာသုတ်ပုဝါများနှင့် အာဟာရထမင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

သတင်းတိုများ

နောက်တွဲယာဉ်မှ လှေကားဖြင့် လမ်းကူးသူ တိုက်မိ

မေ ၁ ရက် နံနက် ၈ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းအတိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဘက်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဘက်သို့ ယာဉ်မောင်း မြင့်စိုးမောင်းနှင်လာသော နောက်တွဲပါ နစ်ဆန်အမျိုးအစား ၂၂ ဘီးယာဉ်သည် ရွက်လှလက်ဖက်ရည်ဆိုင်အနီးအရောက် နောက်တွဲယာဉ်၏လှေကားနှင့် သစ်ပင်တို့တိုက်မိခဲ့ရာ နောက်တွဲယာဉ်လှေကားမှာ ဖြတ်ကူးသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးအောင်မြင့်လှိုင်ပေါ်သို့လှေကားပြုတ်ကျခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဦးအောင်မြင့်လှိုင်တွင် နာကျင်ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့သဖြင့် အရေးယူပေးရန် တိုင်ကြားထားသည်။ **၃၁**

မိခင်အားပထွေးဖြစ်သူမှရိုက်နှက်၍သေဆုံးမှုတိုင်တန်း

မေ ၁ ရက်က လှိုင်သာယာမြို့နယ်၊ ၁၆ ရပ်ကွက်နေ သမီးဖြစ်သူထံသို့ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်နေ ပထွေးတော်စပ်သူ ဦးစိုးဝင်းနိုင်ရောက်လာပြီး ၎င်း၏မိခင်ဖြစ်သူမှာ နှလုံးလေဟပ် သေဆုံးသွားသဖြင့် သင်္ဂြိုဟ် တော့မည်ဖြစ်ကြောင်း ပြောပြခဲ့၍ ၎င်းမှ သွားရောက်ကြည့်ရှုရာ မိခင်၏ ရုပ်အလောင်းတွင် ပါးစပ်မှသွေးထွက် လျက် ယာမျက်လုံး၊ ယာနားထင်၊ ဝဲချိုစောင်းတို့၌ ဖူးရောင်ဒဏ်ရာများရရှိထားသည်ကို တွေ့ရှိရ၍ပတ်ဝန်းကျင်အားမေးမြန်းစုံစမ်းခဲ့ရာ မတ် ၃၁ ရက် ညပိုင်းက မိခင်နှင့် ပထွေးဖြစ်သူတို့နှစ်ဦးသည် တစ်ညလုံးစကားများရန်ဖြစ်ကြပြီး မိခင်အား ပထွေးဖြစ်သူမှ ထိုးကြိတ်ရိုက်ပုတ်နေသည်ကို သိရသဖြင့် ပထွေးဖြစ်သူကို အရေးယူပေးပါရန် တိုင်ကြားခဲ့၍ လှိုင်သာယာမြို့မရဲစခန်း(ပ)၄၂၀/၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ **၃၁**

မိုးတွင်းကာလမရောက်မီအိမ်မိုးအင်ဖက်များအရောင်းဝယ်ကောင်းလာ

ကျုံဒိုး၊ မေ ၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ရှိ ရေပူကြီးကျေးရွာအုပ်စု လေးတိုင်ကျေးရွာတွင် အင်ပင်မှထွက်သော အင်ရွက်များမှ အိမ်မိုးဖက်များ အရောင်းအဝယ်ကောင်းလာကြောင်း ယင်းဒေသခံများက ပြောသည်။

အိမ်မိုးအင်ဖက်များအား ရောင်းချရန်အတွက် ပြုလုပ်နေသောလုပ်ငန်းခွင်တစ်ခုအားတွေ့ရစဉ်။

အဆိုပါ အင်ဖက်များကို အရွက် ၅၀ တစ်စီးစည်းပြီး အရွက် ၁၀၀ ကိုတန်ဖိုးအားဖြင့် ကျပ် ၆၅၀၀ ဖြင့် ရောင်းချကြကြောင်း သိရသည်။

အင်ဖက်များ ပြုလုပ်ရာတွင် မြန်မြန်လုပ်နိုင်သူမှာ တစ်နေ့လျှင် ရွက်ရေ ၁၀၀ ခန့်ရပြီး ပုံမှန်လုပ် ကိုင်သူအဖို့ ရွက်ရေ ၅၀ သာရသည်။ ဒေသအခေါ်ဝေါ်အားဖြင့် (အင်ဖက်ရွက်ကို တစ်ပြစ်၊နှစ်ပြစ်) ဟု ခေါ်ဝေါ်သုံးစွဲကြပြီး ဝယ်ရောင်းဖောက်သည်များအတွက် ဈေးနှုန်း ကွာခြားလျက်ရှိကြောင်း မိရိုးဖလာအိမ်မိုး အင်ဖက်များလုပ်ကိုင်လျက်ရှိသော လေးတိုင်ကျေး ရွာနေ ကရင်တိုင်းရင်းသူ ဒေါ်တလား မိသားစုက ပြောကြားသည်။

ပူလွန်းသော နွေရာသီကာလတွင် သစ်ပင်များမှ သစ်ရွက်များခြောက်သွေ့၍ ကြွေကျကြပြီး ထိုကြွေကျသော သစ်ရွက်များမှ ပြည်သူများအတွက် အသုံးဝင်သော အင်ပင်များ၏ သစ်ရွက်ခြောက်များအား မိုးစိုဒဏ်ကို ကာကွယ်ရန်အတွက် အင်ဖက်များကို အိမ်မိုးဖက်အဖြစ် အသုံးပြုကြလေ့ရှိသည်။

ခေတ်စနစ်ပေါ်မူတည်၍ တိုက်တာအိုးအိမ်များတွင် သွပ်၊ အုတ်ကြွပ်ပြားများကို အဆင့်မြင့်စွာဖြင့် အသုံးပြုလာကြသော်လည်း အခြေခံ လူတန်းစားများအဖို့ ဈေးနှုန်းသက်သာသည့် အင်ဖက်များကို ယနေ့တိုင် အိမ်မိုးအကာအဖြစ် အသုံးပြုနေကြကြောင်းလည်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

Hot Line - 01-200982
သာကီနွယ်
(၆ သိန်း ၅၈ထောင်း) (၁၂) ရက်စေ့
Promotion
(၁၀.၅.၂၀၁၄)

WPကပ်ကော်အစမ်းသုံးလက်ဆောင်
အင်္ဂလန်နည်းပညာသုံး Wall Paper သီးသန့် ကပ်ကော်မှုန့်ဖြစ်၍ ဈေးနှုန်းသက်သာပြီး JEBSEN တစ်ထုပ်လျှင်(၃)ကျင်းမှ(၄)ကျင်းထိ ကပ်နိုင်ပြီး တာရှည်ခံပါသည်။ မိတ်ဆွေပြည်သူများသို့ အစမ်းသုံးကာလအဖြစ် (၃၀-၄-၂၀၁၄) နေ့အထိမည်သူမဆို JEBSEN ကော်မှုန့် တစ်ထုပ်ကို K.E.K Co.,Ltd သို့ (အခမဲ့) လာရောက်ထုတ်ယူနိုင်သည့် အပြင် ဖုန်းဆက်၍လည်း လက်ဆောင်မှာယူနိုင်ပြီး အရောက်ပို့ပေးပါမည်။
(နယ်မှကိုယ်စားလှယ်မှာယူလိုသူများဆက်သွယ်နိုင်ပါသည်)
Ph No : 8603089,8603126(Ext)102,09-420089273

ကြော်ငြာ
Eleven

ကျော့မြင့် ကမ္ဘာ
Ph : 09 423740358
09 250173327

21 AD @ BILLBOARD ADVERTISING
ကြော်ငြာများ တပ်ဆင်ရန်
☎ 01 377093 ☎ 373036 09 73043672 09 73200189

Seminar in Logistics Professional
PASAS (S'pore) ၏ Certificate
Speaker : Dr. Habib Kassim
DBA., MBA., BBA., CISCM., MSIM
Director of Purchasing & Supply Association S'pore (PASAS)
Zephyr Restaurant
May 24 (Sat) : 9:00 am - 5:00 pm
May 25 (Sun) : 9:00 am - 5:00 pm
More Information : YCTC Business Institute
Ph : (01) 542033, (09) 420118100 , (09) 250640429

myanmar HOME & DECOR
Penthouse Life ■ Decorative Items
Los Angeles
Gems Garden Condominium
Shopping for living
Update trend
uPVC
Where to live

"အမြန်ရောင်းမည်"
ဝန်ထမ်းအလိုရှိသည် - Sale & Marketing

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၂/၂)၊ (၇)လမ်း၊ ၁၄/၁ရပ်ကွက်နေ ဒေါ်သန်းဌေး၏ သမီးများဖြစ်ကြသော ဒေါ်အေးအေးမင်း၊ ဒေါ်အေးအေးမြတ်တို့သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃-၁၀-၂၀၁၃ရက်က ဒေါ်ထားထားကျော်[၁၂/လကန(နိုင်)၁၀၉၆၈၅]အား ပြုလုပ်ချုပ်ဆိုပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၈၃၉/၂၀၁၃ အား ဤကြော်ငြာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပါသည်။ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာ၏ ကိစ္စအဝဝနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ လွှဲအပ်သူများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်အေးအေးမင်း၊ ဒေါ်အေးအေးမြတ်

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ယုံဖန်(ခ) လီလီဝင်း[၁/မကန(ပြု)၀၀၀၁၅၀]၏ Passport No. မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၇၄-၂၂၀၄၆၊ ၀၇၄-၂၁၅၁၈

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) နဝမတန်း(A1)မှ မောင်နော်အောင်၏ ဖခင်အမည်မှန်မှာ ဦးအင်လတ်ဇော်ဆိုင်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဟိုပင်မြို့နယ်ခွဲ၊ နန့်ရင်းကျေးရွာနေ ဦးထွန်းရင်၏သမီး မမြင့်မြင့်ကြည်နှင့် မကြည်ကြည်မြင့်[၁/ဟပန(နိုင်)၀၀၇၁၀၆]မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဦးဟုန်စိန်(ဥက္ကံ)

အသက်(၇၉)နှစ်

သူငယ်ချင်းကိုကျော်လှိုင်-မအေးအေးဝင်းတို့၏ဖခင် ဦးဟုန်စိန် အသက်(၇၉)နှစ်သည် ၃၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နီနီဝင်း၊ မယု၊ မဝေ၊ မသက်၊ စန်းစန်းဦး၊ စီစီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်အောင်မြင့်(ငြိမ်း)

အသက်(၇၅)နှစ်

Supreme Group of Companies **(အကြံပေး)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၂၀၀)နေ ဒေါ်မြမြရင်၏ ခင်ပွန်းသည် ၃၁-၃-၂၀၁၄ရက် (တနင်္လာနေ့) ည ၇း၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Board of Directors
Supreme Group of Companies

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (BUMRUN GRAD)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သုဓမ္မမဏိဇောတဓရ ဦးကြည်မောင် မိသားစု

ထွန်းမိသားစုသစ်စက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စောနု(၉၄)နှစ်

စစ်တွေ

ဦးညီဖြူလှ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်စောသန်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်စောနုသည် ၁-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

GS & M Co.,Ltd

MD နှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်

အသက်(၇၂)နှစ်

ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ (TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (TWJS Company Limited) (Ever Seiko Company Limited)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းစိုး (TWJS Company Limited) တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး(၁၀)ယောက်၏ ချစ်လှစွာသောအဘွားသည် ၂၇-၃-၂၀၁၄ရက်တွင် ထိုင်းနိုင်ငံ Bumrungrad International Hospitalတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လှိုင်လှိုင်ပြုံး(မိသားစု)

ကုမ္ပဏီလီမိတက်

အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး

ဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရဆင်မင်းဦးတင်ရွှေ

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အမှတ်(၁၀) သီရိဂုဏ်ရည်ခြံနေ ဒေါ်ကြည်ကြည်၏ ခင်ပွန်း၊ ဦးကိုကိုအေး-ဒေါ်သီသီနိုင်တို့၏ ဖခင် သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေ အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထွေထွေမန်နေဂျာ(သစ်အခြေခံ)နှင့်

အရာထမ်း၊ အမှုထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့၊ ကျိုက္ကစံစေတီတော်)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေသည် ၃၁-၃-၂၀၁၄ရက် တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ (BUMRUNGRAD)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ဂေါပကအဖွဲ့အနေဖြင့် လွန်စွာနှမြောတသဖြစ်ရပါကြောင်းနှင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂေါပကအဖွဲ့

ကျိုက္ကစံစေတီတော်

အထူးဝမ်းနည်းကြေကွဲခြင်း

ခင်လှကြည်(ရှာဝှီးရင်း)၊ ခင်လှအေး(ရှာဝှီးကင်မ်)၊ ခင်ခင်မြင့်(ရှာဝှီးဘင်း)၊ ခင်ခင်မျိုး(ရှာဝှီးချင်း)၊ ခင်ခင်ဝင်း(ရှာဝှီးဟွန်း)၊ ခင်စန္ဒာဝင်း(ရှာဝှီးရှုန်း)တို့၏ဖခင် ဦးမောင်တင်(ခ)ရှာပြန်ဝှီး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲမိပါသည်။ အဖေ ကောင်းရာသုဂတိသို့ ရောက်ပါစေ။

သမီးများ

ဝမ်းနည်းကြေကွဲခြင်း

သီရိသုဓမ္မမဏိဇောတဓရ(ဆင်မင်း)ဦးတင်ရွှေ

အသက်(၈၁)နှစ်

